စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

myantrade

# MYANTRADE

# ဈေးကွက်သတင်းလွှာ

**အမှတ်စဉ် ၃/၂၀၂၆**

**၂၀၂၆ ခုနှစ်၊ မတ်လ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ဟသ်ာတ ကုန်စည်ဒိုင်တွင် ပြည်ပပို့ကုန် မတ်ပဲအသစ်များဈေးကွက်ဝင်ရောက်
- ဖြစ်ထွန်းအောင်မြင်နေသောဆောင်းပဲပုပ်များ
- ခရမ်းချဉ်သီးဈေးနှုန်း အခြေအနေ

**နိုင်ငံတကာဈေးကွက်**

- ၂၀၂၆ ဟဂ် (Hajj) ရာသီအတွက် ဆော်ဒီသို့ ဆန် ၂,၂၈၀ တန် တင်ပို့မည့် အင်ဒိုနီးရှား
- အမေရိကန်၏ အကောက်ခွန်လျှော့ချပေးမှုက အိန္ဒိယဆန်တင်ပို့သူများအတွက် သက်သာမှုရရှိ
- ၂၀၂၅ ခုနှစ်တွင် ဂျပန်၏ ဆန်တင်ပို့မှု စံချိန်တင်
- ၁၀ လအတွင်း တရုတ်သို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်တစ်သန်းကျော် တင်ပို့ထား
- ထိုင်ဝမ်အရေး၊ ပဲပုပ်ရောင်းဝယ်ရေးကို ထရမ့်ပ်နှင့် ရှီ ဖုန်းဆက်ဆွေးနွေး
- စွမ်းအင်ကဏ္ဍ၌ သုံးစွဲမှုတိုးမြှင့်နိုင်ရေး ပြည်ပသို့ စားအုန်းဆီတင်ပို့မှုကို အင်ဒိုနီးရှား ကန့်သတ်
- စမတ်စားအုန်းဆီစိုက်ပျိုးရေးစီမံကိန်းကို Global Green Chemicals Plc(GGC)၊ Thaicom Plc နှင့် Thailand Greenhouse Gas Management Organization(TGO)တို့ပူးပေါင်းဆောင်ရွက်သွားရန်ရှိ
- ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၏ အာလူးထုတ်လုပ်မှုသည် ၅ နှစ်အတွင်း အမြင့်ဆုံးအဖြစ် တန်ချိန် ၁၄၀ သိန်းမှ ၁၅၀ သိန်းခန့်အထိရှိလာမည်
- ထိုင်းနိုင်ငံ၊ Sa Kaeo မှ Khlong Hat နှင်းသီးကို GI ထုတ်ကုန်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မှတ်ပုံတင်ခဲ့
- ၂၀၂၅ ခုနှစ်အတွင်း ကုန်သွယ်အရွှေ့အပြောင်းအနေဖြင့် မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းတို့သည် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်သော်လည်း တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေပြနေ
- ကမ္ဘာ့ဒုတိယထိပ်သီး နာနတ်သီးတင်ပို့သူအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ
- ယူအေအီးနှင့်ဘာရိန်းနိုင်ငံတို့ One-Point လေကြောင်းခရီးသွားစီမံကိန်းအား စတင်ပူးတွဲဆောင်ရွက်
- ထိုင်းဒူးရင်းသီးတင်ပို့မှုသည် ရိတ်သိမ်းရာသီအတွင်း အလုပ်သမားရှားပါးမှုနှင့် စုဆောင်းရေးဌာနများ မရှိခြင်းကြောင့် အခက်အခဲများစွာနှင့် ရင်ဆိုင်ရဖွယ်ရှိ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၉၀
http://www.myantrade..org

- အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်မှုအခွန်ကင်း လွတ်ခွင့်သဘောတူ စာချုပ်လက်မှတ်ရေးထိုး
- ဒူဘိုင်းရှိ Gulfood 2026 ကုန်စည်ပြပွဲတွင် ထိုင်းကုန်သွယ်မှုမစ်ရှင်အတွက် အဓိကသဘောတူညီချက်များ ရရှိခဲ့သဖြင့်အာရပ်စော်ဘွားများပြည်ထောင်စု ဈေးကွက်သို့ သစ်သီးတင်ပို့မှုကိုသိသိသာသာ မြှင့်တင်ပေးခဲ့
- ဖိလစ်ပိုင်နိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းတိုးတက်မှုနှုန်းမြင့်တက်လျက်ရှိ
- ဗီယက်နမ်နိုင်ငံသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်းများ တင်ပို့မှုမြင့်တက်လာ
- တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ယွမ် ၁ ဒသမ ၅ ထရီလီယံတန်ဖိုးရှိ လက်ဖက်ခြောက်လုပ်ငန်းကို တည်ထောင်ရန် ရည်ရွယ်ထား
- အိန္ဒိယနိုင်ငံတွင်ထုတ်လုပ်သည့် အီသနောပမာဏ၏ထက်ဝက်နီးပါးမှာ ယခုအခါပြောင်းသီးနှံမှ ထုတ်လုပ်ခြင်းဖြစ်
- သွင်းကုန်ခွန်အချို့ချမှတ်ထားခြင်းအားအဆုံးသတ်ကြောင်းနှင့်ပတ်သက်သည့်သမ္မတအမိန့်နှင့် နိုင်ငံတကာငွေပေးချေမှုဆိုင်ရာအခြေခံပြဿနာများကိုဖြေရှင်းရန် ယာယီသွင်းကုန်ခွန်များ ချမှတ်ကြောင်းထုတ်ပြန်ခဲ့
- ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် ပြည်ပနိုင်ငံများတွင် ကိုရီးယားလူသုံးကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချနိုင်မည့် မိတ်ဖက်ကိုယ်စားလှယ်များ တိုးမြှင့်သွားမည်
- ဒူဘိုင်းကုန်သည်ကြီးများအသင်းက Fintech မိတ်ဖက်များမှတစ်ဆင့် SMEs များအား အဆင့်မြင့် ဘဏ္ဍာရေး ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မှုအပေါ် အားကောင်းလာစေခဲ့

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ၁/၂၀၂၆ ကြိမ်မြောက် အစည်းအဝေး ကျင်းပ
- ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ယာယီအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး
- အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး

**ပြည်ပကုန်သွယ်မှုသတင်း**

- နေပြည်တော်ရင်ပြင်တွင် ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းပါဝင်ပြသ

**အထူးဆောင်းပါးများ**

- ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဈေးကွက်ဝင် မက္ကဒေးမီးယားသီးနှံပင်များ စိုက်ပျိုးသည့် တောင်သူများဝယ်လိုအား ကမ်းလှမ်းလာမှုကြောင့် ယခင်ထက် ဝင်ငွေကောင်းပြီး အကျိုးအမြတ်ပိုမိုရရှိလာတော့မည်
- ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုစာရင်းများ ထုတ်ပြန်ခဲ့

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ဟင်္သာတ ကုန်စည်ဒိုင်တွင် ပြည်ပပို့ကုန် မတ်ပဲအသစ်များဈေးကွက်ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်တွင် မိုးစပါးရိတ်သိမ်းပြီးချိန်၌ သီးထပ်အဖြစ် ပဲမျိုးစုံကို စိုက်ပျိုးကြပြီး ပြည်ပပို့ကုန်တစ်မျိုးဖြစ်သော ဆောင်းသီးနှံမတ်ပဲကို အများဆုံး စိုက်ပျိုးကြသည်။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သီးထပ်ရာသီတွင် မတ်ပဲစိုက်ဧက ၂၆၀,၀၀၀ ကျော် စိုက်ပျိုးခဲ့သည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမသီတင်းပတ်တွင် စတင်စိုက်ပျိုးသော မတ်ပဲသီးနှံများသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ တတိယ သီတင်းပတ်တွင် ဈေးကွက်ဝင်ရောက်လာကာ ဟင်္သာတကုန်စည်ဒိုင်တွင် နေ့စဉ် မတ်ပဲအိတ် ၄,၀၀၀ မှ ၅,၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မတ်ပဲ တစ်တင်းဈေးနှုန်းမှာ ၉၂,၀၀၀ ကျပ် ဈေးပေါက်လျက်ရှိသည်။ မတ်ပဲ တစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ ၁၅ တင်းခန့်ထွက်ရှိပြီး တစ်ဧကကုန်ကျစရိတ်မှာ ၇ သိန်းကျပ် ဝန်းကျင်ရှိသည့်အတွက် မတ်ပဲစိုက်တောင်သူတို့အနေဖြင့် တစ်ဧကလျှင် ၇ သိန်းကျပ်ဝန်းကျင်ခန့် အကျိုးအမြတ် ရရှိလျက်ရှိကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/63672

### ဖြစ်ထွန်းအောင်မြင်နေသောဆောင်းပဲပုပ်များ

မြင်းခြံမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆောင်းရာသီ၌ ပဲပုပ်သီးနှံကိုလည်း အားထားစိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးချိန်မှာ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလတို့တွင် စတင်ရိတ်သိမ်းထွက်ပေါ်မည်ဖြစ်ကြောင်း၊ ဆောင်းပဲပုပ်များကို အနိမ့်ကျေးရွာ၊ သဲဖြူဝ ကျေးရွာ၊ ဖိုးတုတ်ဖြူကျေးရွာ၊ ကူရွာ၊ ကတောကျေးရွာနှင့် ဖက်ပင်အိုင်ကျေးရွာတို့တွင် စိုက်ပျိုးထားကြောင်း သိရသည်။ ယခု၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပဲပုပ် (ဆောင်း) လျာထား ၆,၂၀၀ ဧကတွင် စိုက်ပျိုးပြီးဧက ၆,၂၀၅ ဧက စိုက်ပျိုးထားကြောင်း လျာထားချက်ထက် ၅ ဧကကျော် ပိုမိုစိုက်ပျိုးထားကြောင်း မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင်မှစ၍ ဆောင်းပဲပုပ်များ ရိတ်သိမ်းထွက်ပေါ်မည်ဖြစ်ကြောင်း၊ စီပီအက်စ်-၃ သက်လျင်မျိုးနှင့် စီပီအက်စ်-၂ သက်လက်မျိုးတို့ကို အစေ့ထုတ်ပြောင်း၊ နေကြာသီးနှံတို့ဖြင့် တန်းခြားစိုက်ပျိုးထားကြောင်း သိရသည်။ ယခင်နှစ်အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။ မြင်းခြံမြို့အတွင်းရှိ ပွဲရုံများ၌ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပဲပုပ်တစ်တင်းလျှင် ၁၁၀,၀၀၀ ကျပ်ခန့် ပေါက်ဈေးများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နေ့စဉ်အိတ်ရေ ၂၀-၃၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပွဲရုံများမှ သိရသည်။ Source: https://www.doca.gov.mm/my/node/63759

### ခရမ်းချဉ်သီးဈေးနှုန်း အခြေအနေ

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ သီရိမင်္ဂလာဈေးတွင် လက်လီ၊ လက်ကား ဈေးရောင်းဈေးဝယ်သူများနှင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။ ပြည်နယ်အတွင်း စားသုံးကုန်၊ လူသုံးကုန်များပစ္စည်း၊ စားဖိုဆောင်သီးနှံများကို အများအားဖြင့် အခြားမြို့ကြီးများမှတစ်ဆင့် ဝယ်ယူရောင်းချကြသည်။ ဒေသအတွင်းမှာ ခရမ်းချဉ်သီးကို စိုက်ပျိုးသော်လည်း အခြားမြို့ကြီးများဖြစ်သော တောင်ကြီး၊ အောင်ပန်း၊ ကလောတို့မှ အများဆုံးမှာယူ ရောင်းချလျက်ရှိသည်။ ခရမ်းချဉ်သီးကို အင်းသီး၊ ဗမာသီး၊ ခေါင်းစိမ်းသီးများဟူ၍ရှိသည်။ ဈေးကွက်တွင် အများဆုံးဝင်ရောက်သော ခရမ်းချဉ်သီးမှာ အင်းသီးများဖြစ်သည်။ အလုံးအရွယ်အစားအလိုက် အကြီး၊ အသေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများ ရှိသည်။ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၄,၅၀၀ မှ ၅,၀၀၀ အထိရှိပြီး တတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၃,၅၀၀မှ ၄,၀၀၀ ဈေးနှုန်းပေါက်လျက်ရှိပြီး နှိုင်းယှဉ်ပါက ကျပ် ၅၀၀ ကျပ်ခန့် ကွာခြား၍ ဈေးအနည်းကျလာသည်။ ခရမ်းချဉ်သီးများလည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာမှုသည် ပုံမှန်ဝင်ရောက်လျက်ရှိ၍ အရောင်းအဝယ်လည်း ပုံမှန်လည်ပတ်လျက်ရှိကြောင်း လွိုင်ကော်မြို့၊သီရိမင်္ဂလာဈေးအတွင်းရှိခရမ်းချဉ်သီးရောင်းချနေသောဈေးသည်များထံမှသိရသည်။ Source:https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_23022026%201500

## နိုင်ငံတကာဈေးကွက်

### ၂၀၂၆ ဟဂ်္ (Hajj) ရာသီအတွက် ဆော်ဒီသို့ ဆန် ၂,၂၈၀ တန် တင်ပို့မည့် အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ် ဟဂ်ျရာသီအတွက် ပြည်တွင်းထုတ် ဆန် ၂,၂၈၀ တန် ကို ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ တင်ပို့ရန်ပြင်ဆင်နေကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ၎င်းအစီအစဉ်သည် ထောက်ပံ့ပို့ဆောင်ရေးကို

ချောမွေ့စေရန်၊ ပြည်တွင်းလယ်သမားများကိုပံ့ပိုးရန်နှင့် အင်ဒိုနီးရှား ဟက် ဘုရားဖူးများ ဦးစားပေးနှစ်သက်သည့် အစားအသောက်အရသာနှင့်ကိုက်ညီစေရန်ရည်ရွယ်ကြောင်းသိရသည်။

အမျိုးသားအစားအစာအေဂျင်စီအတွင်းရေးမှူးချုပ် Sarwo Edhy က အစိုးရဝန်ကြီးဌာနများ၏ သဘောတူညီချက်ရရှိပြီးနောက် အစိုးရပိုင်ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Bulog ကို ဆန်တင်ပို့ရေး တာဝန်ပေးအပ်သွားမည်ဟု ပြောကြားခဲ့သည်။ ၎င်းဆုံးဖြတ်ချက်သည် အစားအစာညှိနှိုင်းရေးဝန်ကြီး Zulkifli Hasan ဦးဆောင်သည့် ဆွေးနွေးပွဲအပြီး ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ Edhy ၏အဆိုအရ ၎င်းဆန်များကို အစားအစာထောက်ပံ့ရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးအစီအစဉ်အောက်ရှိ အစိုးရအရန်ဆန်များကို အသုံးပြုသွား မည်ဖြစ်ပြီး အင်ဒိုနီးရှား ဟက်ဘုရားဖူး ၂၀၅,၄၂၀ ဦးအတွက် အစားအသောက်အဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ လူတစ်ဦးလျှင် နေ့စဉ် ဆန်ချက်ပြုတ် စားသုံးမှုကို ၁၇၀ ဂရမ် ခန့် သတ်မှတ်ထားကြောင်း သိရသည်။ တင်ပို့မည့်ဆန်သည် ကျိုးပဲ့နှုန်း ၅ ရာခိုင်နှုန်းအောက်သာရှိသည့် အဆင့်မြင့်ဆန်အမျိုးအစားဖြစ်ပြီး အင်ဒိုနီးရှားအာဏာပိုင်များ ချမှတ်ထားသည့် အရည်အသွေးစံချိန်များနှင့်ကိုက်ညီကြောင်း Edhy က ပြောကြားခဲ့သည်။ အစားအစာညှိနှိုင်းရေးဝန်ကြီး Hasan က ပြည်တွင်းဆန်အသုံးပြုခြင်းသည် နိုင်ငံ၏ အစားအစာဖူလုံမှုကို ပြသခြင်းဖြစ်ကြောင်း၊ ယခင်နှစ်များတွင် အင်ဒိုနီးရှား ဟက်ဘုရားဖူးများသည် ဗီယက်နမ်နှင့် ထိုင်းမှတင်သွင်းသည့် ဆန်များကို အသုံးပြုခဲ့ရကြောင်း ၎င်းတို့၏ဟက်ဘုရားဖူးများသည် နူးညံ့ပြီး အရသာနဲ့ ကိုက်ညီသည့် အင်ဒိုနီးရှားဆန်ကို ပိုမိုကြိုက်နှစ်သက်ကြောင်းနှင့် ထို့ကြောင့် ပြည်တွင်းလယ်သမားများထံမှ ဆန်ကိုသာ ဆော်ဒီကို တင်ပို့ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

Bulog ဥက္ကဋ္ဌနှင့်ညွှန်ကြားရေးမှူးဖြစ်သူ Ahmad Rizal Ramdhani က ကုမ္ပဏီအနေဖြင့် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ဆန်တင်ပို့မှုစတင်မည်ဖြစ်ပြီး ထပ်မံလိုအပ်လာနိုင်သည့်အခြေအနေကို ကြိုတင်စဉ်းစားကာ ဆန် ၃,၀၀၀ တန် အထိ ပြင်ဆင်ထားကြောင်းနှင့် ဆန်များကို အသစ်ရိတ်သိမ်းထားသည့် စပါးများမှထုတ်လုပ်မည်ဖြစ်ပြီး ယင်းမူဝါဒသည် အရေးပါသော အစားအစာများအတွက် ပြည်ပအပေါ် မမှီခိုလိုသည့် နိုင်ငံ၏ ဆန္ဒနှင့်ဂုဏ်သိက္ခာကို ဖော်ပြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုနှစ်တွင် အင်ဒိုနီးရှား၏ ပြည်တွင်းဆန် ဝယ်ယူစုဆောင်းမှု အရှိန်မြင့်တက်လာပြီး ဖေဖော်ဝါရီ ၈ ရက်အထိ Bulog က ပြည်တွင်းထုတ် ဆန် ၂၀၉,၃၀၀ တန်ကို ဝယ်ယူထားပြီး ယခင်နှစ်တူညီသည့်ကာလထက် ၄၄၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ၎င်းပမာဏသည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှု နှစ်မျိုးလုံးကို ဖြည့်ဆည်းနိုင်ရန် လုံလောက်သည့် ကုန်လက်ကျန်ကိုပံ့ပိုးပေးကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/63809

## အမေရိကန်၏ အကောက်ခွန်လျှော့ချပေးမှုက အိန္ဒိယဆန်တင်ပို့သူများအတွက် သက်သာမှုရရှိ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အိန္ဒိယထုတ်ကုန်များအပေါ်ကောက်ခံသည့် အခြေခံအကောက်ခွန်(BCD)ကို ၂၅ ရာခိုင်နှုန်းမှ ၁၈ ရာခိုင်နှုန်းသို့ ၇ ရာခိုင်နှုန်း လျှော့ချပေးလိုက်ကြောင်း ကြေညာခဲ့သည်။ ပြင်ဆင်သတ်မှတ်လိုက်သော အကောက်ခွန်နှုန်းထားအသစ်သည် ချက်ချင်း စတင်သက်ရောက်မှုရှိမည် ဖြစ်သည်။

ရုရှားနိုင်ငံမှ စက်သုံးဆီနှင့် လက်နက်များဝယ်ယူမှုကြောင့် အိန္ဒိယအပေါ် အမေရိကန်က စည်းကြပ်ထားသည့် အပိုဆောင်းအကောက်ခွန် ၂၅ ရာခိုင်နှုန်းကို ပြန်လည်ရုပ်သိမ်းရန်ကိစ္စနှင့် ပတ်သက်၍မူ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ခြင်းမရှိသေးကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံသည်ရုရှားထံမှစက်သုံးဆီဝယ်ယူမှုကို ရပ်တန့်ရန်သဘောတူညီခဲ့ပြီး ၎င်းအစား အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ထံမှ ပြောင်းလဲတင်သွင်းသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတက ပြောကြားခဲ့သည်။

သို့သော်လည်း ထရမ့်၏ ပြောကြားချက်အပေါ် အိန္ဒိယဘက်မှ တရားဝင်တုံ့ပြန်မှု တစ်စုံတစ်ရာ မရှိသေးပေ။ အကယ်၍ စည်းကြပ်ထားသော အပိုဆောင်းအကောက်ခွန် ၂၅ ရာခိုင်နှုန်းကိုသာ ဖယ်ရှားပေးလိုက်ပါက အိန္ဒိယထုတ်ကုန်များအပေါ် ၁၈ ရာခိုင်နှုန်းသော အခွန်နှုန်းထားသာကျန်ရှိတော့မည်ဖြစ်ကြောင်း၊ လက်ရှိတွင် အိန္ဒိယနှင့်ပါကစ္စတန် ထုတ်ကုန်များသည် အကောက်ခွန် ၁၉ ရာခိုင်နှုန်း ကျသင့်နေသောကြောင့် ပါကစ္စတန်နှင့်နှိုင်းယှဉ်လျှင် အိန္ဒိယဆန်သည် အမေရိကန်ဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာမည် ဖြစ်သည်။

အိန္ဒိယဆန်တင်ပို့သူများအသင်းက ၁၈ ရာခိုင်နှုန်းသော အကောက်ခွန်နှုန်းထားသည် အမေရိကန် ဆန်ဈေးကွက်တွင် အိန္ဒိယ၏ နေရာရရှိမှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အိန္ဒိယ ဘာစမတီဆန်တင်ပို့မှုကို ပိုမိုအားကောင်း

လာစေလိမ့်မည်ဟု ပြောကြားခဲ့သည်။ လက်ရှိတွင် အကောက်ခွန်နှုန်းထားများနှင့် ပတ်သက်၍ ရှုပ်ထွေးမှုအချို့ ရှိနေသော်လည်း မကြာမီအချိန်အတွင်း အခြေအနေများမှာ ပိုမိုရှင်းလင်းလာလိမ့်မည်ဟု မျှော်လင့်ရသည်။

Source: Igrain, 3 Feb 2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/63487

## ၂၀၂၅ ခုနှစ်တွင် ဂျပန်၏ ဆန်တင်ပို့မှု စံချိန်တင်

ဂျပန်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စံချိန်တင်အမြင့်ဆုံးသို့ရောက်ရှိခဲ့သော်လည်း တိုးတက်မှုနှုန်းမှာမူ နှေးကွေးခဲ့ကြောင်း ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ထုတ်ပြန်သော အစိုးရ၏အချက်အလက်များအရ သိရသည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၅ ခုနှစ်တွင် အသင့်စား ဆန်ထုပ်များအပါအဝင် ဆန်တန်ချိန် ၄၈,၀၀၀ ကျော် တင်ပို့ခဲ့ပြီး နှိုင်းယှဉ်စာရင်းအင်းများ ရရှိနိုင်ခဲ့သည့် ၂၀၂၀ ခုနှစ်မှစ၍ ပြည်ပသို့ ၅ နှစ်ဆက်တိုက် စံချိန်တင် တင်ပို့နိုင်ခဲ့ခြင်း ဖြစ်သည်။

ပြည်တွင်းစိုက်ပျိုးသော ဆန်ဈေးနှုန်းမြင့်မားမှုကြောင့် ပြည်တွင်းဖြန့်ဖြူးရောင်းချမှုကို ပိုမိုအားကောင်းစေခဲ့သည့်အတွက် ၂၀၂၄ ခုနှစ်အထိ ယခင်သုံးနှစ်တာကာလအတွင်း တိုးတက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်း ကျော်မှ သိသိသာသာ နှေးကွေးသွားခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ အစိုးရသည် အနာဂတ်တွင် ဆန်ပြတ်လပ်မှုကို ကာကွယ်ရန် ယန္တရားအသစ် တစ်ခု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ခုနှစ်တွင် နိုင်ငံ၏ ဆန်တင်ပို့မှုကို ရှစ်ဆ နီးပါးတိုးမြှင့်၍ တန်ချိန် ၃၅၀,၀၀၀ အထိ တိုးမြှင့်ရန် စီစဉ်ထားကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/63805

## ၁၀ လအတွင်း တရုတ်သို့ ဆန်နှင့်ဆန်ကွဲ တန်ချိန်တစ်သန်းကျော် တင်ပို့ထား

လက်ရှိဘဏ္ဍာနှစ် ၁၀ လအတွင်း တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် တစ်သန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ ထုတ်ပြန်ချက်စာရင်းတွေအရ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ၁၀ လအတွင်းမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၅၃၅,၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၅၀၀,၀၀၀ နီးပါးတင်ပို့ထားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်စာရင်းတွေအရ သိရသည်။

အဆိုပါ ၁၀ လတာကာလအတွင်း တရုတ်အပါအဝင် ပြည်ပနိုင်ငံအသီးသီးသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၃ သန်းကျော်တင်ပို့ခဲ့ရပြီး အမေရိကန်ဒေါ်လာ ၇၃၅ သန်းရရှိထားကြောင်းလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်စာရင်းများတွင် ဖော်ပြထားသည်။

လက်ရှိဘဏ္ဍာနှစ်အတွင်းတွင် ပြည်တွင်းမှထွက်ရှိသော ဆန်နှင့်ဆန်ကွဲကို တရုတ်၊ ဖိလစ်ပိုင်၊ ဘယ်ဂျီယံ၊ ပိုလန်၊ နယ်သာလန်၊ မာဒါဂါစကာ စတဲ့နိုင်ငံများသို့ အဓိကတင်ပို့နေရပြီး နိုင်ငံအလိုက် ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် တရုတ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း သိရသည်။ Source: https://opinionleadersmedia.com/news/26064/

## ထိုင်ဝမ်အရေး၊ ပဲပုပ်ရောင်းဝယ်ရေးကို ထရမ့်ပ်နှင့် ရှီ ဖုန်းဆက်ဆွေးနွေး

ထိုင်ဝမ်ကို လက်နက်ရောင်းချပေးမှုနှင့်ပတ်သက်၍ ပေကျင်းက ဝါရှင်တန်ကို သတိပေးထားသည့်တိုင် ဗုဒ္ဓဟူးနေ့က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အလွန်အပြုသဘောဆောင်သောစကားများကိုပြောခဲ့သည်ဟု သမ္မတဒေါ်နယ်ထရမ့်ပ်က မှတ်ချက်ပြုခဲ့ပြီး တရုတ်သည် အမေရိကန်ထွက် ပဲပုပ်များကို ပိုမိုဝယ်ယူရန် စဉ်းစားနေကြောင်း ဆိုခဲ့သည်။

ထရမ့်ပ်သည် ပေကျင်းသို့ အလည်အပတ်သွားမည့်ခရီးစဉ်မတိုင်မီ နှစ်လအလိုတွင် စိတ်သဘောထားကောင်းကို ပြသမှုအဖြစ် ရှီသည် လက်ရှိရာသီတွင် အမေရိကန်ပြည်ထောင်စုထံမှ ပဲပုပ်ဝယ်ယူမှုကို ယခင် ၁၂ သန်းမှ သန်း ၂၀ အထိ တိုးမြှင့်ဝယ်ယူရန် စဉ်းစားလိမ့်မည်ဖြစ်ကြောင်း ထရမ့်ပ်က ပြောကြားခဲ့သည်။

ရှီနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမှုအပြီး နာရီပိုင်းအကြာတွင် ရှီနှင့် ထရမ့်ပ်တို့သည် ထိုင်ဝမ်အရေးနှင့် ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးနှစ်နိုင်ငံအကြား တင်းမာမှု၏အရင်းအမြစ်ဖြစ်နေဆဲဖြစ်သည့်ကုန်သွယ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ထရမ့်ပ်က ရှီနှင့် ၎င်း၏ ဆက်ဆံရေးသည် အလွန်ကောင်းမွန်ကြောင်း၊ ဖုန်းပြောဆိုမှုသည် အလွန်အပြုသဘောဆောင်ကြောင်းနှင့် ထိုအခြေအနေကိုထိန်းသိမ်းထားရန်အရေးကြီးကြောင်းကို မိမိတို့နှစ်ဦးစလုံးသဘောပေါက်ကြကြောင်း ပြောကြားခဲ့သည်။ ရှီက တရုတ်-အမေရိကန်ဆက်ဆံရေးကို သူအလွန်အလေးထားကြောင်း ပြောကြားခဲ့သည်ဟု တရုတ်အစိုးရ၏ တရားဝင်အကောင့်တစ်ခုတွင် ဖော်ပြခဲ့သည်။

ထရမ့်ပ်က ကနေဒါမှသည် ဂရင်းလန်းနှင့် ဗင်နီဇွဲလားအထိ တင်းမာသောမူဝါဒခြေလှမ်းများစွာအတွက် တရုတ်နိုင်ငံကို အကြောင်းပြချက်အဖြစ် သတ်မှတ်ခဲ့သော်လည်း အခွန်ကောက်ခံမှု၊ အဆင့်မြင့်ကွန်ပျူတာချစ်ပ်များနှင့် ဒရုန်းများအထိ အဓိကနယ်ပယ်များတွင်မူ ပြီးခဲ့သောလအနည်းငယ်အတွင်း ပေကျင်း အပေါ် မူဝါဒကို ဖြေလျှော့ပေးခဲ့သည်။

အမေရိက-တရုတ်ဆက်ဆံရေးတွင် တည်ငြိမ်မှုကိုထိန်းသိမ်းလိုကြောင်းကို နှစ်ဖက်စလုံးကပြသနေကြသည်ဟု အတွေးအခေါ်အဖွဲ့တစ်ခုဖြစ်သည့် German Marshall Fund ၏ အင်ဒို-ပစိဖိတ်အစီအစဉ်ဆိုင်ရာ အကြီးအကဲ ဘွန်နီဂလက်ဆာက ပြောကြားခဲ့သည်။

Source: https://www.popularmyanmar.com/

## စွမ်းအင်ကဏ္ဍ၌ သုံးစွဲမှုတိုးမြှင့်နိုင်ရေး ပြည်ပသို့ စားအုန်းဆီတင်ပို့မှုကို အင်ဒိုနီးရှား ကန့်သတ်

အီဂျစ်၊ ပါကစ္စတန်၊ ရုရှား နှင့် ဘယ်လာရုစ်တို့ကဲ့သို့သော နိုင်ငံများထံမှ ဝယ်လိုအားမြင့်တက်လျက်ရှိသော်လည်း ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သူ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီသုံးစွဲမှုကို ၎င်း၏ ပြည်တွင်း ဇီဝလောင်စာထုတ်လုပ်မှုတွင် ဦးစားပေးရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားသမ္မတ Prabowo Subianto က စားအုန်းဆီသည် အံ့သြဖွယ်ရာကောင်းသည့် သီးနှံတစ်မျိုးပင်ဖြစ်ပြီး အင်ဒိုနီးရှားပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေကြောင်း၊ အင်ဒိုနီးရှား၏ ပထမဦးစားပေးအဖြစ် ဇီဝလောင်စာထုတ်လုပ်မှု၌ သုံးစွဲမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက်နေ့၌ အနောက်ဂျာဗားပြည်နယ် Bogor တွင် ကျင်းပသော ဗဟိုနှင့် ဒေသန္တရအစိုးရအဖွဲ့များ၏ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းမှု အစည်းအဝေး၌ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအစိုးရ၏ မူဝါဒအသစ်အရ စားအုန်းဆီကြမ်းနှင့် ၎င်း၏ ဘေးထွက်ပစ္စည်းများကို ပြည်တွင်းစွမ်းအင်လိုအပ်ချက်အတွက် အဓိကထား၍ သုံးစွဲမည်ဖြစ်သည်။ အသုံးပြုပြီးသော ဟင်းချက်ဆီများအပါအဝင် စွန့်ပစ်ဆီများကိုလည်း ပြည်ပသို့တင်ပို့မှု လျှော့ချလျက် လေယာဉ်ဆီ ထုတ်လုပ်မှု၌ သုံးစွဲမည်ဖြစ်သည်။

အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီကို ဟင်းချက်ဆီအဖြစ်သုံးစွဲမှုအပြင် အခြားသောကုန်စည်များ ထုတ်လုပ်ပေးနိုင်စွမ်းရှိသည့် မဟာဗျူဟာမြောက်ကုန်စည်အဖြစ် သတ်မှတ်ထားသည်။ ၂၀၂၆ ခုနှစ်အတွင်း စားအုန်းဆီအခြေခံစားသောက်ကုန်များ ထုတ်လုပ်မှုနှင့် လေကြောင်းသုံး ဇီဝလောင်စာဆီထုတ်လုပ်မှု စီမံကိန်းနှစ်ရပ်တွင် ဦးစားပေးလုပ်ငန်း ၁၈ ခုမှ အင်ဒိုနီးရှား ရူပီးယားငွေ ၆၁၈ ထရီလီယံ (ဒေါ်လာ ၃၆ ဒသမ ၈၆ ဘီလီယံ)ရှိသော ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ပြီး အလုပ်အကိုင်နေရာပေါင်း ၂၇၆,၀၀၀ ကို ဖန်တီးပေးနိုင်ရန် ရည်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဇီဝလောင်စာအပေါ် အာရုံစူးစိုက်မှုသည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးကွက် မတည်ငြိမ်မှုနှင့် ပြည်တွင်း၌ စွမ်းအင်လိုအပ်ချက်ရှိမှုတို့အပေါ် တုံ့ပြန်လုပ်ဆောင်ချက် တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် ဒီဇယ်ဆီနှင့်လေယာဉ်ဆီတို့အတွက် စားအုန်းဆီမှ ထုတ်လုပ်နိုင်မှုရှိကြောင်း၊ ဓာတ်ဆီသုံးစွဲလိုသူများအတွက်မှု နိုင်ငံတကာဈေးနှုန်းများအတိုင်း ပေးဆောင်နိုင်ကြောင်း၊ သာမန်အင်ဒိုနီးရှား ပြည်သူများအနေဖြင့် ပြည်တွင်း၌ထုတ်လုပ်သည့် လောင်စာဆီကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မှုမှ အကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း သမ္မတ Prabowo က ပြောဆိုခဲ့သည်။

လက်ရှိကာလတွင် အင်ဒိုနီးရှားနိုင်ငံသည် ဇီဝလောင်စာဆီ၌ စားအုန်းဆီ ၄၀ ရာခိုင်နှုန်း ရောစပ်အသုံးပြုသည့် B40 မူဝါဒကို ချမှတ်ကျင့်သုံးလျက်ရှိသည်။ စွမ်းအင်ဝန်ကြီး Bahlil Lahadalia က စမ်းသပ်လုပ်ဆောင်မှုများအောင်မြင်ပါက အစိုးရအနေဖြင့် ယခုနှစ် ဒုတိယနှစ်ဝက်တွင် စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောစပ်အသုံးပြုမည့် B50 အစီအစဉ်ကို ဖော်ဆောင်မည်ဟု ပြောဆိုထားသည်။ Source: Jakarta Globe, 03/02/2026 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/63494

## စမတ်စားအုန်းဆီစိုက်ပျိုးရေးစီမံကိန်းကို Global Green Chemicals Plc(GGC)၊ Thaicom Plc နှင့် Thailand Greenhouse Gas Management Organization(TGO)တို့ပူးပေါင်းဆောင်ရွက်သွားရန်ရှိ

PTT Global Chemi-cal Plc ၏ဇီဝဓာတုဗေဒဌာနခွဲဖြစ်သော Global Green Chemicals Plc (GGC)သည် ထိုင်းနိုင်ငံ၏ ၂၀၅၀ ခုနှစ် အသားတင်ဓာတ်ငွေ့ သုည ရည်မှန်းချက်ကိုပံ့ပိုးရန် ရည်ရွယ်သည့် ရှေ့ပြေးစမတ်စားအုန်းဆီစိုက်ပျိုးရေးစီမံကိန်းကို စတင်ရန် Thaicom Plc နှင့် Thailand Green-house Gas Management Organization(TGO)တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “GGC launches partnership for credits from palm oil” ခေါင်းစဉ်ဖြင့်ဖော်ပြထားသည်။

“ရေရှည်တည်တံ့သောစားအုန်းဆီစိုက်ပျိုးမှုမှ ကာဗွန်ခရက်ဒစ်များဖော်ဆောင်ခြင်း"ဟု အမည်ပေးထားသည့် ကနဦး အစီအစဉ်အတွက် သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ယင်းအစီအစဉ်သည် စိုက်ခင်းများကို စောင့်ကြည့်ရန်နှင့် ကာဗွန်စုပ်ယူမှုကိုတိုင်းတာရန် သိပ္ပံနှင့်နည်းပညာကို မည်သို့အသုံးပြုနိုင်သည်ကို လေ့လာမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ စေတနာ့ဝန်ထမ်း ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအစီအစဉ်အောက်တွင် ကာဗွန်ခရက်ဒစ်များမှတ်ပုံတင်ခွင့်ပြုသည့် အချက်အလက်ဖြစ်သင့်ကြောင်း၊ ကာဗွန်ခရက်ဒစ်များသည် ပတ်ဝန်းကျင်ဆိုင်ရာစီမံကိန်းများမှရရှိသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးကိုကိုယ်စားပြုကြောင်း၊ ယင်းခရက်ဒစ်များကို ၎င်းတို့၏ ထုတ်လွှတ်မှုကိုတန်ပြန်ရန် ရှာဖွေနေ သောကုမ္ပဏီများထံ ရောင်းဝယ်ဖောက်ကားနိုင်ပြီး ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုမဟာဗျူဟာများတွင် အရေးကြီးသော ကိရိယာတစ်ခုဖြစ်လာစေကြောင်း သိရသည်။

ကုမ္ပဏီသည် ကာဗွန်စုပ်ယူမှုကို အကဲဖြတ်ရန်အတွက် မော်ဒယ်တစ်ခုတည်ဆောက်ရန်အတွက် ၎င်း၏ကာဗွန်ခရက်ဒစ်ဒေတာဘေ့စ်ကို အသုံးပြုသွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ စားအုန်းဆီလုပ်ငန်းကို ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲရာတွင် ဤပူးပေါင်းဆောင်ရွက်မှုသည် မှတ်တိုင်တစ်ခုအဖြစ် ဖော်ပြခဲ့ကြောင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးစီမံကိန်းများအတွက် ဗဟိုအေဂျင်စီဖြစ်သော TGO သည် ထိုင်းစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန်သေချာစေပြီး အစိုးရပိုင်နှင့် နိုင်ငံတကာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးကြောင်း၊ ဤမိတ်ဖက်အဖွဲ့အစည်းသည် GGC အတွက် ၎င်း၏ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် ကာဗွန်စီမံခန့်ခွဲမှုကိုအားကောင်းစေပြီး စီမံကိန်းကို လက်တွေ့အသုံးချမှုများအဖြစ် တိုးချဲ့လုပ်ဆောင်ကြောင်း GGC ၏ မန်နေဂျင်းဒါရိုက်တာ Kridsada Prasertsuko က ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်သည် GGC ၏ရေရှည်တည်တံ့သော စားအုန်းဆီထုတ်လုပ်မှုနှင့် ဝယ်ယူမှုကိုပံ့ပိုးပေးသည့် ဂျာမနီ၏ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ GIZ နှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင်လည်း တည်ဆောက်ထားကြောင်း၊ GIZ ၏ အစီအစဉ်သည် စိုက်ခင်းစီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်မှုများပေးပြီး လယ်သမားအဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ရန်ကူညီပေးကြောင်း Mr. Kridsada က ဖြည့်စွက် ပြောကြားခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှုသည် ရေရှည်တည်တံ့ခိုင်မြဲမှုစံနှုန်းများမြှင့်တင်ရန်အတွက် ဂြိုလ်တုနှင့် အတုထောက်လှမ်းရေးနည်းပညာများကို အသုံးချသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီသည် TGO မှ အသိအမှတ်ပြုလက်မှတ်ရရှိသည့် ထိုင်းနိုင်ငံတွင် ပထမဆုံး CarbonWatch ပလက်ဖောင်းကို တီထွင်ခဲ့ကြောင်း၊ တောင်သူများပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် GGC သည် ဆီအုန်းစိုက်ပျိုးသည့် ဒေသများအနီး ပြည်နယ်များရှိ ရပ်ရွာစီးပွားရေးလုပ်ငန်းကွန်ရက် ၆ ခုနှင့် သဘောတူညီချက်များလက်မှတ်ရေးထိုးခဲ့ကြောင်း Thaicom ၏အမှုဆောင်အရာရှိချုပ် Patompob Suwansiri က ဆက်လက်ပြောကြားခဲ့သည်။

ယင်းနမူနာပုံစံသည် တောင်သူများအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် ကာဗွန်ခရက်ဒစ်ဖွံ့ဖြိုး တိုးတက်မှုသည် ယုံကြည်စိတ်ချရပြီး ထိရောက်မှုရှိစေရန် ကုမ္ပဏီ၏ကတိကဝတ်ကို ပြသနေကြောင်း Mr. Kridsada က ပြောကြားခဲ့သည်။

Source: https://www.bangkokpost.com ,

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18022026_14:12

## ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၏ အာလူးထုတ်လုပ်မှုသည် ၅ နှစ် အတွင်း အမြင့်ဆုံးအဖြစ် တန်ချိန် ၁၄၀ သိန်းမှ ၁၅၀ သိန်းခန့်အထိရှိလာမည်

အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်တွင် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်အတွက် အာလူးထုတ်လုပ်မှုမှာ တန်ချိန် ၁၄၀ သိန်းမှ ၁၅၀ သိန်းခန့်အထိရှိနိုင်ပြီး ယင်းသည် လွန်ခဲ့သောငါးနှစ်အတွင်း အမြင့်ဆုံးစံချိန်တင် ထုတ်လုပ်မှုဖြစ်လာရန် မျှော်မှန်းထားကြောင်းသိရသည်။ အိန္ဒိယနိုင်ငံ၏ ဒုတိယအကြီးဆုံး အာလူးစိုက်ပျိုးရာ ဒေသဖြစ်သော အဆိုပါပြည်နယ်၏ လွန်ခဲ့သောနှစ် အာလူးစုစုပေါင်းထုတ်လုပ်မှုမှာ တန်ချိန် ၁၁၅ သိန်းခန့် ရှိခဲ့ပြီး အဆိုပါပမာဏမှာလည်း အထွက်နှုန်းကောင်းမွန်ခဲ့သည့် အခြေအနေဖြစ်ကြောင်း တွေ့ရသည်။ သင့်တင့်မျှတသော ရာသီဥတုအခြေအနေများကြောင့် ပြည်နယ်၏အာလူးထုတ်လုပ်မှုနှုန်းမှာ ယခင်နှစ်ထက် ၂၀ ရာခိုင်နှုန်းကျော်တိုးတက်လာမည်ဟု သိရသည်။

"အာလူးရိတ်သိမ်းမှုများ စတင်နေပြီဖြစ်ပြီး ယခုနှစ်တွင် အာလူးတန်ချိန် သိန်း ၁၄၀ မှ ၁၅၀ ခန့် အထိ ထွက်ရှိရန် မျှော်မှန်းထားတယ်။ ပြည်နယ်အတွင်းရှိ အာလူးစိုက်ပျိုးရာဒေသများတွင် ရာသီဥတုသာယာကောင်းမွန်မှုကြောင့် ထုတ်လုပ်မှုနှုန်းစံချိန်တင်မြင့်တက်လာခြင်းဖြစ်တယ်။ ထို့ပြင် စိုက်ပျိုးဧရိယာလည်း အနည်းငယ်တိုးတက်လာပါတယ်" ဟု အနောက်ဘင်္ဂလားပြည်နယ် အအေးခန်းသိုလှောင်ရုံများအသင်း(West Bengal Cold Storage Association)၏ အဆင့်မြင့်အဖွဲ့ဝင်ဖြစ်သူ Patit Paban De က Businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် အာလူးစိုက်ပျိုးဧရိယာမှာ ဟက်တာ ၅ ဒသမ ၁၂ သိန်းခန့်ရှိခဲ့ကြောင်း သိရသည်။ အနောက်ဘင်္ဂလားပြည်နယ် တောင်ပိုင်းရှိ Hooghly၊ Bardhaman နှင့် Paschim Medinipur ခရိုင်သုံးခုမှာ အဆိုပါပြည်နယ်တွင် အာလူးအများဆုံးစိုက်ပျိုးသည့်ခရိုင်များဖြစ်ကြောင်း သိရသည်။ အဆိုပါ အာလူးရိတ်သိမ်းမှုရာသီသည် မတ်လအထိ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်အစိုးရသည် အာလူးများစတင်သိုလှောင်မည့် မတ်လ ၁ ရက်နေ့မှစ၍ အအေးခန်းသိုလှောင်ရုံများကို ဖွင့်လှစ်ရန် ပိုင်ရှင်များအား ညွှန်ကြားထားကြောင်းသိရသည်။ လက်ရှိတွင် အဆိုပါပြည်နယ်၌ အအေးခန်းသိုလှောင်ရုံပေါင်း ၅၈၀ ခန့်ရှိပြီး ၎င်းတို့အနက် အများစုမှာ အာလူးများ သိုလှောင်ရန်အတွက် အသုံးပြုခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် အာလူးသိုလှောင်နိုင်သည့် စုစုပေါင်းပမာဏမှာ တန်ချိန် ၇၀ မှ ၈၀ သိန်းခန့်ရှိကြောင်း သိရသည်။

"အာလူးထုတ်လုပ်မှုက တန်ချိန် ၁၄၀ မှ ၁၅၀ သိန်းခန့်အထိ တိုးတက်လာမည်ဟု မျှော်မှန်းထားတာကြောင့် ယခုနှစ်တွင် အအေးခန်းသိုလှောင်ရုံနေရာလုံလောက်မှုမရှိသည့် အခက်အခဲနှင့် ရင်ဆိုင်ရနိုင်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အနောက်ဘင်္ဂလားပြည်နယ် အအေးခန်းသိုလှောင်ရုံများအသင်း၏အဆိုအရ ပြည်နယ်အတွင်း ပျမ်းမျှလစဉ်အာလူးစားသုံးမှုမှာ တန်ချိန် ၆ သိန်းခန့်ရှိသဖြင့် ယခုနှစ်တွင် အာလူးတန်ချိန် ၆၈ သိန်းခန့် ပိုလျှံနိုင်ဖွယ် ရှိကြောင်းသိရသည်။ ထို့ကြောင့် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အချင်းချင်း ကုန်သွယ်မှုလုပ်ငန်းများကို အကြီးအကျယ်လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။ ပြည်နယ်အတွင်းရှိ အအေးခန်းသိုလှောင်ရုံတိုင်းသည် အခြေခံတောင်သူများ အရှုံးခံရောင်းချရခြင်းမှ ကာကွယ်နိုင်ရန်အတွက် သိုလှောင်ရုံနေရာ၏ ၃၀ ရာခိုင်နှုန်းကို အဆိုပါတောင်သူများအတွက် သီးသန့်ဖယ်ထားပေးရမည်ဟု ပြည်နယ်အစိုးရက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

Source: The Hindu Businessline, West Bengal potato production to hit 140–150 lakh tonnes in 2025-26, 5-year High, February 17, 2026., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21022026_15:27

## ထိုင်းနိုင်ငံ၊ Sa Kaeo မှ Khlong Hat နှင်းသီးကို GI ထုတ်ကုန်အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မှတ်ပုံတင်ခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Sa Kaeo ၏ Khlong Hat Rose Apple ကို GI ထုတ်ကုန်အဖြစ် မှတ်ပုံတင်ထားကြောင်း Nation Thailand သတင်းဝက်ဘ်ဆိုဒ်တွင် "Ministry of Commerce registers Sa Kaeo's Khlong Hat Rose Apple as GI product" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Sa Kaeo ခရိုင်မှ Khlong Hat နှင်းသီးကို Geographical Indication (GI) ထုတ်ကုန်အသစ်အဖြစ် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ နှင်းသီး၏ ထူးခြားသောဝိသေသလက္ခဏာ

များဖြစ်သည့် ခိုင်မာပြတ်သားသောဖွဲ့စည်းမှုနှင့် ပြင်းထန်သောအရသာတို့သည် ဒေသ၏သီးခြားမြေဆီလွှာဖွဲ့စည်းမှုနှင့် ရာသီဥတုကြောင့်ဖြစ်သည်ဟုယူဆကြကြောင်း၊ GI အဆင့်အတန်းသည် အသီးအနှံများကို စံမျိုးကွဲများထက် ၂-၃ ဆခန့်မြင့်သော ပရီမီယံဈေးနှုန်းသို့ရရှိစေပြီး တရုတ်နိုင်ငံကဲ့သို့ဈေးကွက်များသို့ ၎င်း၏တင်ပို့မှုအလားအလာကိုတိုးမြှင့်စေကြောင်း၊ မှတ်ပုံတင်ခြင်းသည် ဒေသထွက်ကုန်များကို တန်ဖိုးထည့်ရန်၊ အရည်အသွေးထိန်းချုပ်မှုသေချာစေရန်နှင့် ဒေသခံတောင်သူလယ်သမားများအတွက် ဝင်ငွေတိုးစေရန် အစိုးရမူဝါဒ၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum က ပြောကြားခဲ့သည်။

မူပိုင်ခွင့်ဦးစီးဌာနသည် Sa Kaeo ခရိုင်၏ Geographical Indication (GI)ထုတ်ကုန်အသစ်အဖြစ် Khlong Hat နှင်းသီးကို မှတ်ပုံတင်ပြီးကြောင်း ကြေညာခဲ့သည်။ ယင်းသည် ပြည်နယ်အတွက် တစ်နှစ်လျှင် ဘတ်သန်း ၇ဝ ကျော် စီးပွားရေးတန်ဖိုးထုတ်ပေးသည့် Sa Kaeo Nam Dok Mai Mango ၏ အောင်မြင်မှု နောက်ဆက်တွဲဖြစ်ကြောင်း၊ Khlong Hat နှင်းသီးကို ခရိုင် ၇ ခုဖြစ်သည့် ကန့်ဟက်ခရိုင်၊ Khao Chakan ခရိုင်၊ Muang Sa Kaeo ခရိုင်၊ Wang Nam Yen ခရိုင်၊ Wang Sombun ခရိုင်၊ Watthana Nakhon ခရိုင်နှင့် Aranyaprathet ခရိုင်တို့တွင်စိုက်ပျိုးကြောင်း၊ မြေမျက်နှာသွင်ပြင်သည် ကုန်းပြင်မြင့်နှင့် ပြည်နယ်ဗဟိုဘက်သို့ ဆင်ခြေလျှောများပါဝင်ကြောင်း၊ မြေဆီလွှာသည် တောင်ပေါ်မှဆင်းလာသော အနည်အနှစ်များနှင့် နစ်မြုပ်မှုမရှိသော ကောင်းမွန်သောရေနုတ်မြောင်းနှင့် မြေဩဇာကောင်းမွန်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက် ပြောကြားခဲ့သည်။

အထူးသဖြင့် ပိုတက်စီယမ်သတ္တုဓာတ်များသည် အသီး၏ ခိုင်ခံ့ပြီးပြတ်သားသော အသွင်အပြင်ကို အထောက်အကူပြုကြောင်း၊ ပူပြင်းစွတ်စိုသောရာသီဥတုနှင့်ပေါင်းစပ်ထားပြီး တစ်နှစ်ပတ်လုံးအတော်လေးမြင့်မားသောအပူချိန်နှင့် မိုးရွာသွန်းမှုနည်းသော ပူပြင်းခြောက်သွေ့သောကာလသည် Khlong Hat နှင်းသီးကို ခြောက်သွေ့သောအသား (ရေမစို)နှင့် ပြင်းထန်ပြီး ထူးခြားသော အရသာရှိစေကြောင်း၊ ခြောက်သွေ့ရာသီတွင် နေရောင်ခြည်ထိတွေ့မှုကြောင့် အရေပြားသည် အနီရောင်တောက်တောက်မှ အနီရင့်ရောင်အထိ ကွဲပြားကြောင်း၊ ဤကဲ့သို့သော ထူးခြားသောဝိသေသလက္ခဏာများကြောင့် Khlong Hat နှင်းသီးသည် လက်ခံမှုရရှိခဲ့ပြီး ယေဘုယျနှင်းသီးများထက် ဈေးနှုန်း ၂-၃ ဆခန့် ပိုမိုမြင့်မားခဲ့ကြောင်း၊ ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ်လျှင် ဘတ် ၁ဝဝ ဖြစ်ပြီး ယေဘုယျမျိုးကွဲများအတွက် ပျမ်းမျှတစ်ကီလိုဂရမ်လျှင် ၃၅ ဘတ်ထက် သိသိသာသာမြင့်မားကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကဲ့သို့သော နိုင်ငံတကာဈေးကွက်များအတွက် ပို့ကုန်အလားအလာကောင်းများကို ရရှိထားပြီးအရည်အသွေးမြင့်သစ်သီးစားသုံးသူများကိုရည်ရွယ်ထားလျက်ရှိကြောင်းညွှန်ကြားရေးမှူးချုပ်ကဖြည့်စွက်ပြောကြားခဲ့သည်။

GI ထုတ်ကုန်များကို မြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Quick Big Win မူဝါဒအောက်တွင် အဓိကမစ်ရှင်ဖြစ်ကြောင်း၊ ဤမူဝါဒသည် ထိုင်းလုပ်ငန်းရှင်များအား ဉာဏမူပိုင်ခွင့်အားဖြင့် ခိုင်မာစေရန်ရည်ရွယ်ကြောင်း၊ GI မှတ်ပုံတင်ခြင်းသည် ထုတ်ကုန်များ၏ တည်ငြိမ်ပြီး ရေရှည်တည်တံ့သော တိုးတက်မှုအတွက် ထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ရန် ထုတ်ကုန်များကို ခေတ်မီဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ယုံကြည်စိတ်ချရသော အရည်အသွေးထိန်းချုပ်မှုနှင့် ခြေရာခံနိုင်မှုစနစ်များမှတစ်ဆင့် ဒေသတွင်း ထိုင်းအမှတ်အသားဖြင့် ထုတ်ကုန်များအတွက် တိကျသေချာသောတန်ဖိုးကို တိုးမြှင့်စေမည်ဖြစ်ကြောင်း၊ ယင်းနောက်တွင် မူပိုင်ခွင့်ဦးစီးဌာနသည် Khlong Hat နှင်းသီးအတွက် အရည်အသွေးထိန်းချုပ်မှုစံစနစ်နှင့် ဈေးကွက်မြှင့်တင်ရေးတို့ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကုန်သွယ်မှုအခွင့်အလမ်းများတိုးချဲ့ကာ အဆိုပါဒေသရှိ တောင်သူလယ်သမားများအတွက် တည်ငြိမ်သောဝင်ငွေရရှိစေမည်ဖြစ်ကြောင်း Ms. Auramon က ဆက်လက်ပြောကြားခဲ့သည်။

ပထဝီဝင်အရင်းအမြစ်နှင့် ချိတ်ဆက်ထားသော အထောက်အထားတစ်ခုပိုင်ဆိုင်သည့် တောင်သူအုပ်စုများ သို့မဟုတ် ဒေသခံလူထုများသည် GI မှတ်ပုံတင်ခြင်းဆိုင်ရာ အကြံဉာဏ်ကို One-Stop Service Center (IP One)၊ တတိယထပ်၊ မူပိုင်ခွင့်ဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သို့မဟုတ် Hotline 1368 မှတစ်ဆင့် ထပ်မံမေးမြန်းနိုင်ကြောင်း သိရသည်။

Source: https://www.nationthailand.com/news/policy/40062059,

(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18022026_13:56

## ၂၀၂၅ ခုနှစ်အတွင်း ကုန်သွယ်အရွေ့အပြောင်းအနေဖြင့် မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းတို့သည့် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေဖြစ်ပေါ်သော်လည်း တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေပြနေ

ကုန်သွယ်မှုကို ပြန်လည်ချိန်ညှိရန် ဒေါ်နယ်ထရမ့်၏ သွင်းကုန်ခွန်တွန်းအားပေးခဲ့သော်လည်း မလေးရှား၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်နှင့် ကုန်သွယ်မှုလိုငွေသိသိသာသာကျယ်ပြန့်လာနေချိန်တွင် တရုတ်နှင့် ကုန်သွယ်မှုတွင် ပိုငွေသိသိသာသာဖြစ်ပေါ်ခဲ့ကြောင်း Nikkei Asia က ထုတ်ပြန်ထားခဲ့သည်။

အမေရိကန်သမ္မတ Donald Trump သည် အမေရိကန်၏ ကုန်သွယ်မှုလိုငွေပြမှုကို လျော့နည်းစေရန် ကုန်သွယ်ဖက်များအပေါ်အခွန် စည်းကြပ်မှုကို ၂၀၂၅ ခုနှစ်တွင်ချမှတ်ခဲ့ပြီး အရှေ့တောင်အာရှစီးပွားရေးများသည် အမေရိကန်နှင့် ကုန်သွယ်မှုပိုငွေတွင် အမေရိကန်ဒေါ်လာဖြင့် ဖော်ပြချက်တွင် မလေးရှားသည် ၄၅ ရာခိုင်နှုန်း၊ ထိုင်းသည် ၄၄ ရာခိုင်နှုန်းနှင့် ဗီယက်နမ်သည် ၂၈ ရာခိုင်နှုန်းအသီးသီးဖြစ်ကြောင်း၊ အီလက်ထရောနစ်နှင့် လျှပ်စစ်ထုတ်ကုန်များ၊ စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အစိတ်အပိုင်းများ၊ ပြုပြင်ထားသော အစားအစာများ၊ သံနှင့်သံမဏိထုတ်ကုန်များအတွက် ပြင်းထန်သော ဝယ်လိုအားကြောင့် အမေရိကန်သို့ တင်ပို့မှုသည် ၁၇ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု မလေးရှားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း၊ မလေးရှား၏အမေရိကန်ကုန်သွယ်မှုပိုငွေသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂ ဘီလီယံအထိမြင့်တက်ခဲ့သည်ဟု CEIC Data(တရားဝင် ကိန်းဂဏန်းများအပေါ်အခြေခံ၍)က ဖော်ပြထားကြောင်း Nikkei Asia ၏ တရားဝင်စာရင်းဇယားကို ကိုးကား၍ ဖော်ပြခဲ့သည်။

ဗီယက်နမ်သည် အရှေ့တောင်အာရှနိုင်ငံများကြားတွင် အကြီးဆုံးအမေရိကန်ကုန်သွယ်မှုပိုငွေပြခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၈ ဘီလီယံဖြင့် စံချိန်တင်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် ၂၈ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ထိုင်း၏ကုန်သွယ်မှုပိုငွေသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃ ဘီလီယံထိတိုးတက်လာခဲ့ကြောင်း၊ ထရမ့်သည် ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရန်ကြိုးပမ်းမှုတွင် အမေရိကန် ကုန်သွယ်ဖက်များကိုပစ်မှတ်ထားသော “အပြန်အလှန်အကောက်ခွန်များ”ကို ဧပြီလတွင်ကြေညာခဲ့ကြောင်း၊ အချို့သောအရှေ့တောင်အာရှနိုင်ငံများသည် ဩဂုတ်လတွင် စတင်အသက်ဝင်မည့် ညှိနှိုင်းမှုနှုန်းများလျှော့ချခြင်းမပြုမီ အစောပိုင်းတွင် အကောက်ခွန် ၄၀ ရာခိုင်နှုန်းထက်မပိုသော စည်းကြပ်မှုဒဏ်ကို ခံခဲ့ရကြောင်း၊ နိုင်ငံများစွာကဲ့သို့ပင် အရှေ့တောင်အာရှ နိုင်ငံများသည် အကောက်ခွန်မဆောင်မီ တင်ပို့မှုအလျင်အမြန်အရှိန်မြှင့်လာသောကြောင့် ပို့ကုန်များမြင့်တက်လာသည်ကို တွေ့ရကြောင်း သိရသည်။

အောက်တိုဘာလတွင် အမေရိကန်သည် မလေးရှားမှ ကုန်ပစ္စည်းအများစုအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းမှ ၁၉ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း၊ ထို့ပြင် အများစုမှာ တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ အာကာသ ယာဉ်နှင့် ဆေးဝါးများတွင်ပါဝင်သည့် ကုန်ပစ္စည်း ၁၇၁၁ မျိုးကို သွင်းကုန်ခွန်မှ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်း၊ အပြန်အလှန်အားဖြင့် မလေးရှားသည် အမေရိကန်သို့ တင်ပို့သည့် ရှားပါးမြေများနှင့် အခြားအရေးပါသော ဓာတ်သတ္တုများကို တင်ပို့ခွင့် ပိတ်ပင်ခြင်း သို့မဟုတ် ခွဲတမ်းများချမှတ်ခြင်း မပြုရန်ကတိပြုခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် သုံးနိုင်ငံလုံး၏ တရုတ်နှင့် ကုန်သွယ်မှုလိုငွေ သိသာစွာကြီးမားလာကြောင်း၊ အာရှ၏ အကြီးဆုံးစီးပွားရေးကြီးမှ ကုန်ပစ္စည်းများသည် မြင့်မားသော အမေရိကန်အခွန်စည်းကြပ်မှုများကို ရင်ဆိုင်ရန် ကြိုးပမ်းရင်း ဤဈေးကွက်များသို့ ပိုမိုကြီးမားစွာ စီးဝင်လာကြောင်းအကြံပြုခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် မလေးရှား၏ တရုတ်လိုငွေပြမှုသည် ၆၂ ရာခိုင်နှုန်း ခုန်တက်သွားပြီး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၄ ဘီလီယံ၊ ထိုင်းနိုင်ငံ၏လိုငွေပြမှုသည် ၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၈ ဘီလီယံ၊ ဗီယက်နမ်၏လိုငွေပြမှုသည် ၄၀ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံရှိကြောင်း သိရသည်။

အမေရိကန်သို့ပို့ကုန်များနှင့်အတူ တရုတ်နိုင်ငံမှသွင်းကုန်များမြင့်တက်လာခြင်းနှင့်အတူ မြင့်တက်လာသောအကောက်ခွန်ကိုရှောင်ရှားရန် အမေရိကန်သို့မတင်ပို့မီ ဗီယက်နမ်ကဲ့သို့သော အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများမှတစ်ဆင့် ကုန်စည်များဖြတ်သန်းသယ်ဆောင်သောတရုတ်ကုမ္ပဏီများအတွက် အချို့သောကျွမ်းကျင်သူများက ဖြစ်နိုင်ချေရှိသော Transhippment အန္တရာယ်များကိုထောက်ပြကြကြောင်း၊ အမေရိကန်အကောက်ခွန်မူဝါဒက ၂၀၂၆ ခုနှစ်အထိ မသေချာမရေရာမှုတွေဆက်ဖြစ်နေကြောင်း၊ ထရမ့်သည် ယခုလအတွင်း တောင်ကိုးရီးယားမော်တော်ယာဉ်များအပေါ် အခွန် ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ

တိုးမြင့်ကောက်ခံနေပြီး "outline framework" မရှိသော ဥရောပနိုင်ငံများအပေါ် ၁၀ ရာခိုင်နှုန်း စည်းကြပ်ခွန်ထပ်တိုး ကောက်ခံမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း သိရသည်။

ထရမ့်၏ တစ်နှစ်ပတ်လုံးကုန်သွယ်မှုအပေါ် အခွန်စည်းကြပ်မှုကြောင့် ၂၀၂၆ ခုနှစ်တွင် ပို့ကုန်များ နှေးကွေးနိုင်သည်ဟု အရှေ့တောင်အာရှအစိုးရများနှင့် လေ့လာသုံးသပ်သူများက သတိပေးခဲ့ကြောင်း၊ ပထဝီ နိုင်ငံရေးတင်းမာမှုများ ပြင်းထန်လာချိန်တွင် ကမ္ဘာ့ကုန်သွယ်ရေးတွင် ဆက်လက်ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လက်ရှိနှင့်အသစ်မိတ်ဆက်ထားသော အမေရိကန် အခွန်ကောက်ခံမှုများမှ ပိုမိုရှင်းလင်းသော အကျိုးသက်ရောက်မှုများကို ထင်ဟပ်စေကာ ၂၀၂၆ ခုနှစ်တွင် ထိုင်းပို့ကုန်များ နှေးကွေးနိုင်မည်ကို မျှော်လင့်ထားကြောင်း ထိုင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း၊ မလေးရှားနိုင်ငံ၏ ပို့ကုန်များသည် အမေရိကန်သွင်းကုန်အကောက်ခွန်ကြောင့် ဖြစ်ပေါ်လာသော ပြင်ပလေစီးကြောင်းများမှ အပျက်သဘောဆောင်သောသက်ရောက်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်ဟု DBS မှ ပြောကြားခဲ့ကြောင်း သိရသည်။

ယခင်နှစ်က လမ်းကြောင်းသည် ၂၀၂၆ ခုနှစ်အထိ သယ်ဆောင်သွားဖွယ်မရှိကြောင်း၊ နိုင်ငံအများအပြားနှင့် အမေရိကန် ကုန်သွယ်မှုသဘောတူညီချက်များ အသက်ဝင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံများသည် အမေရိကန်ဆီမှသွင်းကုန်များ ပိုမိုများလာ နိုင်ပြီး ၎င်းတို့၏ ကုန်သွယ်မှုပိုငွေလည်း ကျဆင်းလာမည်မှာသေချာကြောင်း၊ ယခုနှစ်တွင် အာဆီယံစီးပွားရေးအတွက် အန္တရာယ်ဖြစ်နိုင်လိမ့်မည်ဖြစ်ကြောင်း ISEAS-Yusof Ishak အင်စတီကျုမှ လည်ပတ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သည့် Archa-nun Kohpaiboon က သုံးသပ်ပြောကြား ခဲ့သည်။

Source: https://www.nationthailand.com/news/policy/40062059,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18022026_14:50

## ကမ္ဘာ့ဒုတိယထိပ်သီး နာနတ်သီးတင်ပို့သူအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ

၂၀၂၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး နာနတ်သီးတင်ပို့သည့်နိုင်ငံအဖြစ် သုံးနှစ်ဆက်တိုက် ဆက်လက်ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်မှစတင်ကာ ကိုစတာရီကာ (Costa Rica) နိုင်ငံပြီးနောက် ကမ္ဘာ့အဆင့်တွင် ဒုတိယနေရာ၌ နေရာယူထားနိုင်ခဲ့ပြီး အာရှဒေသတွင် ထိပ်တန်းတင်ပို့သည့်နိုင်ငံ အဖြစ်လည်း ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၅ခုနှစ် စက်တင်ဘာလအထိ ရရှိထားသော ကနဦးအချက်အလက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ နာနတ်သီးတင်ပို့မှုသည် ၁၄ ရာခိုင်နှုန်းခန့် မြင့်တက်လာပြီး တန်ချိန် ၇၇၅,၀၂၈ မက်ထရစ်တန်အထိ တင်ပို့မှုများရှိခဲ့ကြောင်း FAO ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံထွက် နာနတ်သီးများကို အများဆုံးတင်သွင်းသော ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၁၉ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့သည်။ ဖိလစ်ပိုင်မှ တင်ပို့မှုမြင့်တက်လာစေသည့် အဓိကအကြောင်းအရင်းသည် တရုတ်နိုင်ငံတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းကာ အထွက်နှုန်းနှင့် အရည်အသွေးနိမ့်ကျခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

ထို့ပြင်ဖိလစ်ပိုင်၏ အဓိကဈေးကွက်များဖြစ်သော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် စုစုပေါင်း နာနတ်သီး တင်ပို့မှု၏ ၃၆ ရာခိုင်နှုန်းနှင့် ၁၃ ရာခိုင်နှုန်းကို အသီးသီး ဝယ်ယူတင်သွင်းခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်ဝေစု ၆၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော ကိုစတာရီကာနိုင်ငံတွင် မိုးရွာသွန်းမှုလွန်ကဲခြင်းနှင့် အပူချိန် မြင့်မားခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများနှောင့်နှေးခဲ့ရကြောင်း FAO ၏ သုံးသပ်ချက်အရ သိရသည်။ ထို့ပြင် ရာသီဥတု ဒဏ်ကြောင့် အပင်များထိခိုက်ပျက်စီးခြင်းနှင့် ပိုးမွှားကျရောက်မှု မြင့်မားခြင်းတို့လည်း ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နာနတ်သီးတင်သွင်းမှု ပမာဏ မှာ၂၀၂၅ ခုနှစ်က တန်ချိန်ပေါင်း ၃ ဒသမ ၂ သန်းခန့်ရှိခဲ့ပြီး အပြောင်းအလဲ အနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ် ပထမ ၉ လတာကာလအတွင်း အမေရိကန်နှင့် ဥရောပ သမဂ္ဂတို့တွင် ဝယ်လိုအား ခိုင်မာအားကောင်းနေသော်လည်း ကမ္ဘာ့အဓိကတင်ပို့သူ ကိုစတာရီကာ နိုင်ငံဘက်မှ ထောက်ပံ့မှု လျော့နည်းခြင်းကြောင့် တိုးတက်မှုအကန့်အသတ်ဖြစ်ခဲ့ရကြောင်းနှင့် အခြားတင်ပို့သူများထံမှ ဝယ်ယူမှုတိုးမြှင့်ကာ အစားထိုး နိုင်ခဲ့သော်လည်း အနည်းငယ်သာ အထောက်အကူ ပြုနိုင်ခဲ့ကြောင်း FAO ဖော်ပြထားသော အစီရင်ခံစာအရ သိရသည်။

Source: https://www.doca.gov.mm/my/node/63432

## ယူအေအီးနှင့်ဘာရိန်းနိုင်ငံတို့ One-Point လေကြောင်းခရီးသွားစီမံကိန်းအား စတင်ပူးတွဲဆောင်ရွက်

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဘာရိန်းဘုရင့်နိုင်ငံတို့သည် ၎င်းတို့၏နိုင်ငံသားများအတွက် လေကြောင်းခရီးသွားလာမှုကိုရိုးရှင်းစေရန်၊ စောင့်ဆိုင်းချိန်များကိုလျှော့ချရန်နှင့် ပိုမိုမြန်ဆန်ပြီး ပိုမိုချောမွေ့ သောခရီးသည်အတွေ့အကြုံများကို ဖန်တီးရန်ပုံစံထုတ်ထားသော နယ်စပ်ဖြတ်ကျော်အစီအစဉ်တစ်ခုဖြစ်သည့် One-Point လေကြောင်းခရီးသွားလာရေး စီမံကိန်း၏စမ်းသပ်အဆင့်ကို စတင်ဆောင်ရွက်ခဲ့သည်။

ဤစီမံကိန်းသည် နှစ်နိုင်ငံအကြား ခရီးသွားလာနေကြသော ခရီးသွားများအား ထွက်ခွာမှုမတိုင်မီ ရှင်းလင်းရေးစနစ်မှတစ်ဆင့် ၎င်းတို့၏ ထွက်ခွာရာလေဆိပ်တွင် ဝင်ခွင့်လုပ်ထုံးလုပ်နည်းများကို ပြီးမြောက်စေရန် လုပ်ဆောင်နိုင်စေမည်ဖြစ်ပြီး ပထမအဆင့်တွင် Zayed အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဘာရိန်း အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ပါဝင်မည်ဖြစ်သည်။

ယူအေအီးနိုင်ငံတွင် ဤအစီအစဉ်ကို ဖက်ဒရယ်မှတ်ပုံတင်၊ နိုင်ငံသားဖြစ်မှု၊ အကောက်ခွန်နှင့် ဆိပ်ကမ်းလုံခြုံရေး အာဏာပိုင်အဖွဲ့အစည်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဘာရိန်းနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာနက ပင်လယ်ကွေ့ဒေသပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများတို့နှင့် ပူးပေါင်း၍ ၎င်းတို့၏ဘက်မှ အကောင်အထည်ဖော်မှုကို ဦးဆောင်လျက်ရှိသည်။

၎င်းစနစ်သည် အီလက်ထရွန်းနစ်ချိတ်ဆက်မှု၊ ဇီဝမက်ထရစ်အတည်ပြုခြင်း၊ e-gates၊ စောင့်ကြည့်ရေး နည်းပညာများနှင့် အဆင့်မြင့်ခရီးသည်အချက်အလက်လုပ်ဆောင်မှုများအပေါ် မှီခိုအားထားရမည်ဖြစ်သည်။ ခရီးသွားများ၏လှုပ်ရှားမှုများကို ရောက်ရှိခြင်းမပြုမီ အတည်ပြုပြီး မှတ်တမ်းတင်ထားသောကြောင့် ခရီးသည်များသည် ၎င်းတို့၏ ဦးတည်ရာဒေသရှိ သမားရိုးကျဝင်ခွင့်လုပ်ထုံးလုပ်နည်းများကိုကျော်လွှားနိုင်ပြီး လေဆိပ်များကိုပိုမိုမြန်ဆန်စွာဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ယူအေအီးအာဏာပိုင်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် Suhail Saeed Al Khaili က ဤစီမံကိန်းသည် အဆင့်မြင့်နည်းပညာနှင့်အချက်အလက်ဖလှယ်မှုများမှတစ်ဆင့် ပိုမိုဘေးကင်းပြီး အဆင်ပြေသော ခရီးသွားအတွေ့အကြုံများကို ပေးအပ်သွားမည့် GCC နိုင်ငံများ၏ ကတိကဝတ်ကိုထင်ဟပ်စေကြောင်း ပြောကြားခဲ့သည်။ ၎င်းက ဤအစီအစဉ်သည် ခရီးသွားလုပ်ငန်းကိုတိုးမြှင့်ရန်၊ နှစ်နိုင်ငံကုန်သွယ်ရေးကိုအားကောင်းစေရန်နှင့် လေဆိပ်နှစ်ခုလုံးအား ဒေသတွင်းစီးပွားရေး တိုးတက်မှုကို ပံ့ပိုးပေးသည့် အဓိကထွက်ခွာရာဗဟိုချက်များအဖြစ် ပြောင်းလဲရန်ကူညီပေးနိုင်လိမ့်မည်ဟု မှတ်ချက်ပြုပြောကြားခဲ့သည်။

ဆိပ်ကမ်းများဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ခေတ္တညွှန်ကြားရေးမှူးချုပ် Mohammed Ahmed Al Kuwaiti က ဤစီမံကိန်းအား ယူအေအီးနှင့်ဘာရိန်းအကြား မဟာဗျူဟာမြောက်ပေါင်းစည်းမှုကို နက်ရှိုင်းစေသည့် လက်တွေ့ကျသော ဥပမာတစ်ခုအဖြစ် ဖော်ပြခဲ့သည်။ လုံခြုံသောအချက်အလက်ဖလှယ်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုသည် အဆိုပါ အစီအစဉ်၏ အခြေခံအုတ်မြစ်ဖြစ်ပြီး GCC နိုင်ငံများတစ်ဝှမ်းရှိ အနာဂတ်စမတ်မိုဘိုင်းစီမံကိန်းများအတွက် တိုးချဲ့နိုင်သောပုံစံတစ်ခုအဖြစ် သတ်မှတ်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

News Source: Emirates News Agency, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_19022026_13:21](https://myantrade.gov.mm/article/STP(Ygn)_19022026_13:21)

## ထိုင်းဒူးရင်းသီးတင်ပို့မှုသည် ရိတ်သိမ်းရာသီအတွင်း အလုပ်သမားရှားပါးမှုနှင့် စုဆောင်းရေးဌာနများမရှိခြင်းကြောင့် အခက်အခဲများစွာနှင့်ရင်ဆိုင်ရဖွယ်ရှိ

ရိတ်သိမ်းရာသီအတွင်း အလုပ်သမားရှားပါးမှုနှင့် စုဆောင်းရေးဌာနများမရှိခြင်းကြောင့် ထိုင်းဒူးရင်းသီးတင်ပို့မှုသည် အခက်အခဲများစွာနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် “Durian market hit by labour shortages” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

ယခုနှစ်တွင် ဒူးရင်းသီးတင်ပို့နိုင်မှုသည် တန်ချိန် ၁ ဒသမ ၇၈ သန်းအထိ ရောက်ရှိရန်ခန့်မှန်းထားပြီး အရှေ့ပိုင်းဒေသသည် တန်ချိန် ၁ ဒသမ ဝ၆ သန်း သို့မဟုတ် စုစုပေါင်းထုတ်လုပ်မှု၏ ၅၉ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ ဧပြီလ၌စတင်မည့် ရိတ်သိမ်းရာသီတွက် ရာသီဥတု၏ ဆိုးကျိုးမသက်ရောက်ပါက ဒူးရင်းထောက်ပံ့မှုက နှစ်အလိုက် ၁၀ ရာခိုင်နှုန်းတိုးလာမည်ဟု မျှော်လင့်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဗီယက်နမ်၏ ဒူးရင်းထုတ်လုပ်မှုသည် ယခုနှစ်တွင် တန်ချိန် ၂ သန်းအထိရောက်ရှိရန် ဌာနက ခန့်မှန်းထားကြောင်း၊ ကျွမ်းကျင်သော ကမ္ဘောဒီးယားလုပ်သားအရေအတွက် ကျဆင်းလာသည်နှင့်အမျှ လယ်ယာ

လုပ်သားများနှင့် သစ်သီးထုပ်ပိုးသူများ ရှားပါးမှုအပါအဝင် ဒူးရင်းကဏ္ဍအတွက် စိန်ခေါ်မှုများကို မီးမောင်းထိုးပြလိုကြောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားများကဏ္ဍသို့ ဝင်ရောက်လာသော်လည်း ၎င်းတို့သည် ကဏ္ဍ၏သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းရန် လေ့ကျင့်မှုလိုအပ်ကြောင်း ပြည်တွင်းကုန်သွယ်ရေးဌာန(DIT) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Wittayakorn Maneenetr က ပြောကြားခဲ့သည်။

ထို့ပြင် Basic Yellow 2 ဆိုးဆေးနှင့် ကက်မီယမ်ကဲ့သို့သော ဓာတုအကြွင်းအကျန်များကို တရုတ်အာဏာပိုင်များမှ တင်းကျပ်စွာစစ်ဆေးခြင်းသည် ပို့ကုန်များအတွက် အဟန့်အတားဖြစ်စေကြောင်း၊ ညစ်ညမ်းမှု၏ မူလအကြောင်းရင်းများကို စစ်ဆေးဖော်ထုတ်ရန် တရုတ်အာဏာပိုင်များနှင့်ပူးပေါင်း၍ ဆက်လက်လုပ်ဆောင်နေကြောင်း၊ အရှေ့ပိုင်းဒေသတွင် ဒူးရင်းထောက်ပံ့မှုသည် မတ်လမှ ဇွန်လအထိ အမြင့်ဆုံးရောက်ရှိမည်ဟု ဌာနကခန့်မှန်းထားပြီး တောင်ပိုင်းနှင့်အခြားဒေသများတွင် ထောက်ပံ့မှုသည် ဇွန်လနှင့် ဩဂုတ်လကြားတွင် စတင်ဖွယ်ရှိကြောင်း၊ အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသများတွင် ဒူးရင်းထောက်ပံ့မှုသည် ဇွန်လတွင် ထပ်တူကျနိုင်ကြောင်း၊ ထပ်နေသောကာလအတွင်း ကြားခံအဖြစ်ဆောင်ရွက်ပေးသော စုဆောင်းရေးစင်တာများပြတ်လပ်မှုနှင့် အမြင့်ဆုံးရိတ်သိမ်းရာသီတွင် ကွန်တိန်နာပြတ်လပ်မှုခန့်မှန်းချက်သည် နောက်ထပ်အတားအဆီးတစ်ခုဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုထားသည်။

တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် အဓိကလမ်းကြောင်းနှစ်ခုရှိရာ ပထမလမ်းကြောင်းသည် ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းနယ်စပ်မှစတင်၍ လာအိုနှင့် ဗီယက်နမ်နိုင်ငံများကိုဖြတ်သန်းကာ ကွမ်ရှီးကျွမ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် တရုတ်နိုင်ငံသို့ ဝင်ရောက်ပြီး ဒုတိယလမ်းကြောင်းသည် ထိုင်းနိုင်ငံမြောက်ပိုင်း နယ်စပ်မှစတင်ပြီး လာအို သို့မဟုတ် မြန်မာနိုင်ငံကိုဖြတ်၍ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သို့ ရောက်ရှိမည်ဖြစ်ပြီး ၎င်းတွင် R3A လမ်းကြောင်းပါဝင်ကြောင်း၊ ချင်းရိုင်းပြည်နယ်၊ ချင်းကောင်းမှ လာအိုနိုင်ငံ၊ ဘိုတန် စစ်ဆေးရေး ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံ၊ ကူမင်းသို့ R3A လမ်းကြောင်းတစ်လျှောက် တင်ပို့မှုများကို လွယ်ကူချောမွေ့စေရန် လိုအပ်ကြောင်း၊ ဤလမ်းကြောင်းသည် အနောက်ပိုင်းနှင့် အလယ်ပိုင်းအပါအဝင် ပိုမိုကျယ်ပြန့်သော တရုတ်နိုင်ငံသို့ တင်ပို့နိုင်မည်ဖြစ်ပြီး ချန်ဒူးသည် ထိုင်းထုတ်ကုန်များအတွက် ဖြန့်ဖြူးရေးဗဟိုချက်အဖြစ် ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း၊ R3A ကိုအသုံးပြုခြင်းသည် အကွာအဝေးတိုတောင်းသောကြောင့် ဗီယက်နမ်မှတစ်ဆင့် တင်ပို့မှုထက် ထောက်ပံ့ပို့ဆောင်ရေးအားသာချက်ကို ပေးစွမ်းနိုင်ကြောင်း DIT က မှတ်ချက်ပြုခဲ့ထားသည်။

အိန္ဒိယခရီးသွားများကြားတွင် ထိုင်းဒူးရင်းသီးအကြောင်း အသိပညာပေးခြင်းဖြင့် အိန္ဒိယဈေးကွက်ကို ထိတွေ့ရန်လည်း ဌာနက ကြိုးပမ်းနေကြောင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများရှိ အအေးခံနှင့် အေးခဲထားသော ဒူးရင်းသီးများကို ဈေးကွက်တွင် စမ်းသပ်စစ်ဆေးမှုတွင် အပြုသဘောဆောင်သော တုံ့ပြန်ချက်များရရှိခဲ့ပြီး ထိုဒေသတွင် တိုးပွားလာနေသော ဝယ်လိုအားကို ညွှန်ပြနေကြောင်း၊ ပြည်တွင်းစားသုံးမှုမြှင့်တင်ရန်အတွက် ဌာနသည် ထိုင်းဒူးရင်းသီးကို ထိုင်းစားသုံးသူများနှင့် အိန္ဒိယ၊ ရုရှားနှင့် တောင်ကိုရီးယားအပါအဝင် နိုင်ငံခြားဧည့်သည်များထံ မြှင့်တင်ရန်စီစဉ်ထားကြောင်း၊ DIT သည် ဆူပါမားကက်များနှင့်ပူးပေါင်း၍ ပရီမီးယံလုပ်ငန်းများနှင့် ထုတ်ကုန်အရသာခံခြင်းများကိုစီစဉ်ပြီး စားသုံးသူများဒူးရင်းသီးများကို မြည်းစမ်းနိုင်စေရန်ဖြစ်ကြောင်း၊ ထို့ပြင်ဌာနသည် ဒေသခံစားသုံးမှုကိုအားပေးရန်အတွက် ရွှေ့လျားကုန်စုံဆိုင်များမှတစ်ဆင့် ရွာငယ်များတွင် ဒူးရင်းနှင့် အခြားစိုက်ပျိုးရေး ထွက်ကုန်များကို မြှင့်တင်ပေးနေကြောင်း Mr. Wittayakorn က ပြောကြားခဲ့သည်။

Source: https://www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18022026_14:26

## အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်မှုအခွန်ကင်းလွတ်ခွင့် သဘောတူစာချုပ် လက်မှတ်ရေးထိုး

အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့က ကုန်သွယ်မှုအခွန်ကင်းလွတ်ခွင့် သဘောတူညီစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ နှစ်ဖက်အကြား ကုန်သွယ်မှုကိုမြှင့်တင်ရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှုများအတွင်း အမေရိကန်နိုင်ငံအပေါ် မှီခို အားထားမှုကို လျှော့ချရန် ရည်ရွယ်ခြင်းဖြစ်သည်။ အဆိုပါ သဘောတူညီချက်ကြောင့် ၂၀၃၂ ခုနှစ်တွင် အိန္ဒိယသို့ ဥရောပသမဂ္ဂ၏ တင်ပို့မှု နှစ်ဆတိုးလာရန် မျှော်လင့်ရပြီး ဥရောပကုမ္ပဏီများအတွက် အခွန်ငွေ ယူရို လေး ဘီလီယံ (အမေရိကန် ဒေါ်လာ၄ ဒသမ ၇၅ ဘီလီယံ) ကင်းလွတ်နိုင်မည်ဟု ဥရောပသမဂ္ဂက ပြောကြားသည်။

အလားတူ အီးယူက အိန္ဒိယနိုင်ငံမှတင်သွင်းသောကုန်ပစ္စည်းများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းအပေါ် အခွန်လျှော့ချမည်ဖြစ်ပြီး အိန္ဒိယ၏ ပင်လယ်ထွက်ကုန်ပစ္စည်းများ၊ သားရေနှင့် အထည်အလိပ်ထုတ်ကုန်များ၊ ဓာတုပစ္စည်းများ၊ ရော်ဘာ၊ အခြေခံ

သတ္တုနှင့် ကျောက်မျက်ရတနာများနှင့် လက်ဝတ်ရတနာများအပေါ် အခွန်ကင်းလွတ်မည်ဖြစ်ကြောင်း အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏လူဦးရေ ၁ ဒသမ ၄ ဘီလီယံနှင့် ဥရောပရှိ သန်းပေါင်းများစွာသောပြည်သူများအတွက် အခွင့်အလမ်းကောင်းများ ဆောင်ကြဉ်းပေးမည်ဖြစ်သည်။ အိန္ဒိယနှင့် ဥရောပသမဂ္ဂတို့က ပဲပိစပ်၊အမဲသား၊ သကြား၊ ဆန်နှင့် နို့ထွက်ပစ္စည်းများကဲ့သို့သော စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများကို ကုန်သွယ်မှုသဘောတူညီချက်စာရင်းမှ ထုတ်ပယ်ထားသည်။

အမေရိကန်က အိန္ဒိယကုန်ပစ္စည်းအချို့အပေါ် အခွန်၅၀ ရာခိုင်နှုန်း စည်းကြပ်ခွန်ချမှတ်ပြီးနောက် ဆယ်စုနှစ် နှစ်စုကြာ အီးယူ-အိန္ဒိယ ကုန်သွယ်ရေးဆွေးနွေးပွဲ အရှိန်မြင့်တက်ခဲ့သည်။ အိန္ဒိယနှင့် အီးယူအကြား ကုန်သွယ်မှုပမာဏမှာ ၂၀၂၅ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၆ ဒသမ ၅ ဘီလီယံရှိပြီး အိန္ဒိယနှင့် အမေရိကန်အကြား ကုန်သွယ်မှုမှာ ကန်ဒေါ်လာ ၁၃၂ ဘီလီယံနှင့် အိန္ဒိယနှင့် တရုတ်ကြား ကုန်သွယ်မှု ကန်ဒေါ်လာ ၁၂၈ ဘီလီယံရှိကြောင်း သိရသည်။

Source: ကြေးမုံသတင်းစာ

## ဒူဘိုင်းရှိ Gulfood 2026 ကုန်စည်ပြပွဲတွင် ထိုင်းကုန်သွယ်မှုမစ်ရှင်အတွက် အဓိကသဘောတူညီချက်များ ရရှိခဲ့သဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုဈေးကွက်သို့ သစ်သီးတင်ပို့မှုကို သိသိသာသာမြှင့်တင်ပေးခဲ့

ဒူဘိုင်းရှိ Gulfood 2026 ကုန်စည်ပြပွဲတွင် ထိုင်းကုန်သွယ်မှုမစ်ရှင်သည် အဓိကသဘောတူညီချက်များ ရရှိထားပြီး ဝယ်ယူမှုအားကောင်းသော အာရပ်စော်ဘွားများပြည်ထောင်စု(UAE)ဈေးကွက်သို့ သစ်သီးတင်ပို့မှုကို သိသိသာသာမြှင့်တင်ပေးကြောင်း Nation Thailand သတင်းဝက်ဘ်ဆိုဒ်တွင် “Thai Fruits Go Global: Dubai Trade Mission Secures Premium Market Share” ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

မစ်ရှင်သည် ထိုင်းသစ်သီးဝလံများကို ပရီမီယံထုတ်ကုန်များအဖြစ်၊ ဇိမ်ခံဟိုတယ်များ၊ အဆင့်မြင့်စားသောက်ဆိုင်များနှင့် ပရီမီယံလက်လီရောင်းချသည့်ဆိုင်များကို ပစ်မှတ်ထား၍ အောင်မြင်စွာနေရာရရှိစေခဲ့ကြောင်း၊ နမ့်ဒေါ့မိုင်သရက်သီး၊ ဒူးရင်းနှင့် မင်းဂွတ်သီးကဲ့သို့သော သီးခြားအသီးအနှံများသည် သာလွန် ကောင်းမွန်သောအရသာနှင့် နိုင်ငံတကာဘေးကင်းမှုစံချိန်စံညွှန်းများကြောင့် ပြိုင်ဘက်များထက် ပရီမီယံဈေးနှုန်းများကို ဦးစားပေးလျက်ရှိကြောင်း၊ အဆိုပါပွဲသည် ထိုင်းထုတ်ကုန်များအတွက် စဉ်ဆက်မပြတ် ဈေးကွက်ဝေစုရရှိစေမည့် ကမ္ဘာလုံးဆိုင်ရာ ဖြန့်ဖြူးရောင်းချသူများနှင့် ရေရှည်တန်ဖိုးမြင့်သော စာချုပ်စာတမ်း များစွာကိုရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် UAE တွင် ဝယ်ယူမှုမြင့်မားသည့် စွမ်းအားကို ဦးတည်ထားကာ Gulfood 2026 တွင် အဓိကကုန်သွယ်မှုသဘော တူညီချက်များရယူထားသောကြောင့် ထိုင်းသစ်သီးဝလံတင်ပို့မှုရေရှည်မြှင့်တင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

ဒူဘိုင်း Gulfood 2026 သို့ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ထိုင်းကုန်ထုတ်လုပ်သူများ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ပြီး ထိုင်းနိုင်ငံ၏အရှေ့အလယ်ပိုင်းသို့ အပူပိုင်းဒေသသစ်သီးဝလံများ တင်သွင်းသူအဖြစ် ထိုင်းနိုင်ငံ၏ ရပ်တည်ချက်ကို ခိုင်မာစေကြောင်း၊ “ထိုင်းအရည်အသွေး၊ ထိုင်းအရသာ" ဟူသောဆောင်ပုဒ်ကို အာရုံစိုက်ထားသည့် မစ်ရှင်သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ ပရီမီယံ ထိုင်းထုတ်ကုန်များကို တစ်သမတ်တည်းထောက်ပံ့ပေးရန် ကြိုးပမ်းနေသောကြောင့် စီးပွားရေးနှင့် လိုက်ဖက်သော သဘောတူညီချက်များမြင့်တက်လာခဲ့ကြောင်း သိရသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် ထိုင်းနိုင်ငံအတွက် အလားအလာမြင့်မားသော ကုန်သွယ်မှု တံခါးပေါက်တစ်ခုအဖြစ် ပေါ်ထွက်လာကြောင်း၊ အိန္ဒိယ၊ အီရန်၊ ဗီယက်နမ်တို့ကဲ့သို့ ဒေသတွင်းစိုက်ပျိုး ထုတ်လုပ်သူများထံမှ ပြိုင်ဆိုင်မှုပြင်းထန်သော်လည်း ထိုင်းသစ်သီးဝလံများ အထူးသဖြင့် နမ့်ဒေါင်းမိုင်း သရက်သီး၊ ဒူးရင်းနှင့် မင်းဂွတ်သီးတို့သည် ပရီမီယံဈေးနှုန်းများကို ဦးစားပေးလျက်ရှိကြောင်း၊ ဈေးကွက်လေ့လာသုံးသပ်သူများက ထိုင်းထုတ်ကုန်များသည် သာလွန်ကောင်းမွန်သော အရသာပရိုဖိုင်းများနှင့် တင်းကျပ်သော နိုင်ငံတကာဘေးကင်းရေးစံနှုန်းများမှတစ်ဆင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု အကြံပြုထားကြောင်း၊ မစ်ရှင်သည် အစိုးရ၏ BCG(Bio-Circular-Green)Economy Model နှင့်ကိုက်ညီကြောင်း၊ Gulfood 2026 တွင် ထိုင်းနိုင်ငံ၏ပါဝင်မှုသည် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် ဥရောပအပါအဝင် မြင့်မားသော ဝယ်ယူမှုစွမ်းအားရှိသော ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရန် ဗျူဟာမြောက်လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန် Vinaroj Supsongsuk က မှတ်ချက်ပြုခဲ့သည်။

ထိုင်းသစ်သီးဝလံများကို ကုန်စည်အဖြစ် ရှုမြင်ခြင်းမပြုတော့ဘဲ ၎င်းတို့သည် တစ်ကမ္ဘာလုံးက စားသုံးသူများ၏ ထူးခြားသောလက္ခဏာနှင့် ထူးချွန်မှုအတွက် ယုံကြည်စိတ်ချရသော ပရီမီယံထုတ်ကုန်များဖြစ်ကြောင်း၊ ဖီမိခံလက်လီရောင်းချမှုသို့ ဗျူဟာမြောက်ဝင်ရောက်မှု UAE ၏ မိုးနည်းသော ရာသီဥတုသည် ပြည်တွင်းသစ်သီးဝလံထုတ်လုပ်မှုကို ကန့်သတ်ထားသောကြောင့် နိုင်ငံသည် ၎င်း၏ ဖီမိခံဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုကဏ္ဍများအတွက် သွင်းကုန်များအပေါ်တွင် မှီခိုနေရကြောင်း ထိုင်းထုတ်ကုန်များသည် ဤကွာဟချက်ကို ဖြည့်ဆည်းရန် ထူးခြားသောအနေအထားရှိကြောင်း၊ ပရီမီယံလက်လီဆိုင်များနှင့် အဆင့်မြင့်စားသောက်ဆိုင်အုပ်စုများထံမှ ဝယ်လိုအားကိုတွေ့မြင်နေရကြောင်း၊ ကြက်မောက်သီး၊ လေချူသီးနှင့် ပိန္နဲသီး အပါအဝင် လတ်ဆတ်နှင့်အသီးခြောက်များတွင် တုံ့ပြန်မှုသည် မျှော်မှန်းထားသည်ထက်ကျော်လွန်ခဲ့ကြောင်း တောင်သူများအတွက် ဈေးကွက်ရှာဖွေရေးအဖွဲ့(MOF) ၏ဒါရိုက်တာ Panitan Mechaiyo က သုံးသပ်ပြောကြားခဲ့သည်။

Gulfood 2026 သည် ကမ္ဘာ့အကြီးဆုံးအစားအစာနှင့် အဖျော်ယမကာကုန်စည်ပြပွဲဖြစ်ပြီး နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ ပါဝင်ပြသသူ ၈,၅၀၀ ဦးရှိကြောင်း၊ ထိုင်းကိုယ်စားလှယ်အဖွဲ့သည် အဆိုပါပွဲတွင် "Business Matching" powerhouse အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ကနဦးအစီရင်ခံစာများတွင် ထိုင်းလုပ်ငန်းရှင်များသည် ကမ္ဘာလုံးဆိုင်ရာဖြန့်ဖြူးသူများနှင့် ကာလရှည် တန်ဖိုးမြင့်စာချုပ်များ အများအပြားချုပ်ဆိုထားပြီး ထိုင်းနိုင်ငံ၏ "Soft Power" သည် နိုင်ငံတကာသစ်သီးဝလံကုန်သွယ်မှုတွင် ဆက်လက်ရှင်သန်နေမည်ကို အာမခံကြောင်း သိရသည်။

Source: https://www.nationthailand.com/news/policy/40062059, (သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_18022026_13:04

## ဖိလစ်ပိုင်နိုင်ငံ၏ ငါးမွေးမြူရေးလုပ်ငန်းတိုးတက်မှုနှုန်းမြင့်တက်လျက်ရှိ

ဖိလစ်ပိုင်နိုင်ငံ၏ ငါးလုပ်ငန်းထွက်ကုန် စုစုပေါင်း၏ထက်ဝက်ကျော်ကို ကိုယ်စားပြုနေသည့် ရေသတ္တဝါမွေးမြူရေးကဏ္ဍသည် ငါးသားပေါက်ထုတ်လုပ်မှု တိုးတက်လာခြင်းကြောင့် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း ငါးလုပ်ငန်းနှင့် ရေသယံဇာတဦးစီးဌာန (BFAR) ၏ ပြောကြားချက်အရ သိရသည်။

BFAR မှ ထုတ်ပြန်သော ထုတ်ပြန်ချက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ ရေသတ္တဝါမွေးမြူရေး နည်းပညာစင်တာများမှ ငါးမှုန်နှင့် ငါးသန် (Fry and Fingerlings) ထုတ်လုပ်မှုမှာ ၂၀၂၅ ခုနှစ်တွင် ငါးအကောင်ရေ ၃၃၅ ဒသမ ၃ သန်းခန့်ရှိခဲ့ပြီး ၎င်းသည် ၂၀၂၄ခုနှစ်က ထွက်ရှိခဲ့သည့် ၃၂၅ ဒသမ ၉ သန်းထက် ၃ ရာခိုင်နှုန်းနီးပါး တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ထုတ်လုပ်မှုတိုးတက်လာခြင်းမှာ ရေရှည်တည်တံ့သော မွေးမြူရေးနည်းပညာများကို အထိရောက်ဆုံးအသုံးချခြင်းနှင့် အမျိုးသားမျိုးငါးဖွံ့ဖြိုးရေး အစီအစဉ်အောက်တွင် မျိုးငါး (Broodstocks)များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း တို့ကြောင့်ဖြစ်သည်ဟု BFAR ၏ သုံးသပ်ချက်အရ သိရသည်။

အဆိုပါလုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရည်အသွေးမြင့် မျိုးငါးသားပေါက်များကို ပိုမိုလွယ်ကူစွာရရှိနိုင်စေရန်နှင့် မွေးမြူရေးကဏ္ဍ၏ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ရန်ဖြစ်ကြောင်းသိရသည်။ အဆိုပါ ငါးသားပေါက်မွေးမြူထုတ်လုပ်ခြင်းတိုးတက်မှုများကို ရေရှည်ထိန်းသိမ်းထားနိုင်ရန်အတွက် ဒေသအလိုက် အဓိကငါးအမည်များကို ဦးစားပေးဖော်ထုတ်ရန်နှင့် ကွင်းဆင်းစစ်ဆေးမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ဒေသဆိုင်ရာရုံးများနှင့် နည်းပညာစင်တာများကို ညွှန်ကြားထားကြောင်း အရာရှိဖြစ်သူ Salilig က ပြောကြားခဲ့သည်။ ထို့ပြင် ဒေသခံငါးမွေးမြူရေးလုပ်ငန်းများကို ပိုမိုပံ့ပိုးကူညီနိုင်ရန်အတွက် ဥပဒေအရသတ်မှတ်ထားသော လူထုအခြေပြု သားဖောက်စခန်းများ၏ လုပ်ငန်းလည်ပတ်မှုများကိုလည်း အရှိန်အဟုန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့ (PSA) မှ ထုတ်ပြန်သောအချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် ငါးထုတ်လုပ်မှုစုစုပေါင်းမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း သိရသည်။ PSA ၏ဖော်ပြချက်များအရ ဖိလစ်ပိုင်နိုင်ငံ၏ ငါးထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်မှစတင်၍ ဆက်တိုက်ကျဆင်းမှုများရှိခဲ့ပြီး ၂၀၀၄ ခုနှစ် နောက်ပိုင်းကာလများမှစတင်၍ စုစုပေါင်းထုတ်လုပ်မှုပမာဏမှာ မက်ထရစ်တန် ၃ သန်းဝန်းကျင်အထိ ပထမဆုံးအကြိမ်ရောက်ရှိသွားခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ ရေသတ္တဝါမွေးမြူရေးကဏ္ဍမှထွက်ကုန် မက်ထရစ်တန် ၂ ဒသမ ၁၈ သန်းရှိခဲ့ပြီး ၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း စုစုပေါင်းဈေးကွက်ဝေစု၏ ၅၅ ဒသမ ၁ ရာခိုင်နှုန်းကို ရယူထားနိုင်ဆဲဖြစ်ကြောင်း သိရသည်။ စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းမှာမူ ၂ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စုစုပေါင်းထုတ်လုပ်မှု၏ ၂၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့

ကြောင်း သိရသည်။ ပင်လယ်ပြင်ဒေသန္တရ ငါးဖမ်းလုပ်ငန်းမှာ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သော်လည်း ကုန်းတွင်းပိုင်း ငါးဖမ်းလုပ်ငန်းမှာမူ ၇ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/63498

## ဗီယက်နမ်နိုင်ငံသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်းများ တင်ပို့မှုမြင့်တက်လာ

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စိုက်ပျိုးရေးထွက်ကုန်များ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ဘီလီယံ၊ မွေးမြူရေးထွက်ကုန်များသည် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅ သန်း၊ ပင်လယ်စာတင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၉၄၀ သန်းနှင့် သစ်တောထွက်ကုန်တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၂ ဘီလီယံအထိ ရောက်ရှိခဲ့သည်။ စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဗီယက်နမ်၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်းများ တင်ပို့မှုဝင်ငွေသည် အမေရိကန် ဒေါ်လာ ၆ ဒသမ ၅၁ ဘီလီယံနီးပါး ရောက်ရှိရန် ခန့်မှန်းထားသည်။

ပထဝီဝင်အနေအထားအရ အာရှသည် ဗီယက်နမ်၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်းများအတွက် အကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်ပြီး ဈေးကွက်ဝေစု၏ ၄၅ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။ နောက်ထပ် အကြီးဆုံးဈေးကွက်နှစ်ခုမှာ အမေရိကနှင့် ဥရောပတို့ဖြစ်ပြီး ဈေးကွက်ဝေစုမှာ ၂၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၁၃ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးရှိသည်။ အာဖရိကနှင့် ပစိဖိတ်သမုဒ္ဒရာဒေသအတွင်းရှိနိုင်ငံများ၏ ဈေးကွက်ဝေစုမှာ ၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၄ ရာခိုင်နှုန်းအသီးသီးရှိသည်။

ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် အောက်ပါဒေသများသို့ ဗီယက်နမ် ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ကုန်တင်ပို့မှု ခန့်မှန်းတန်ဖိုးမှာ ၄၁ ဒသမ ၁ ရာခိုင်နှုန်း၊ အမေရိကတိုက် သို့ ၂၂ ဒသမ ၄ ရာခိုင်နှုန်း၊ ဥရောပသို့ ၁၁ ဒသမ ၂ ရာခိုင်နှုန်း၊ အာဖရိကသို့ ၂၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ပစိဖိတ်သမုဒ္ဒရာ ဒေသအတွင်းရှိ နိုင်ငံများသို့ ၃၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ဗီယက်နမ် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်းများအတွက် ဈေးကွက်ဝေစု ၂၂ ဒသမ ၆ ရာခိုင်နှုန်းရှိသော တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုသည် ဈေးကွက်ဝေစု ၂၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဂျပန်သည် ဈေးကွက်ဝေစု ၇ ရာခိုင်နှုန်းဖြင့် အကြီးဆုံးပို့ကုန်ဈေးကွက်သုံးခုဖြစ်သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံသို့ ဗီယက်နမ်၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်းများတင်ပို့မှု ခန့်မှန်းတန်ဖိုးမှာ ၆၆ ဒသမ ၁ ရာခိုင်နှုန်း၊ အမေရိကန် ပြည်ထောင်စုသို့ ၂၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဂျပန်သို့ ၁၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ကော်ဖီ၊ ရော်ဘာ၊ လက်ဖက်၊ ဆန်၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ သီဟိုဠ်စေ့နှင့် ငရုတ်ကောင်းတို့ အပါအဝင် ပို့ကုန်ပစ္စည်းများသည် ခိုင်မာသော တိုးတက်မှုကို ပြသခဲ့ပြီး ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ပမာဏနှင့် တန်ဖိုး နှစ်မျိုးလုံး တိုးတက်လာခဲ့သည်။ ကော်ဖီနှင့် ရော်ဘာသည် ထိပ်ဆုံးမှတိုးတက်ပါဝင်နေသည်။

စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန၏ အစီရင်ခံစာအရ ကော်ဖီတင်ပို့မှုမှာ တန်ချိန် ၁၈၀,၀၀၀ ခန့်ရှိပြီး အမေရိကန်ဒေါ်လာ ၉၈၁ သန်းတန်ဖိုးရှိပြီး ရော်ဘာတင်ပို့မှုမှာ တန်ချိန် ၂၂၀,၀၀၀ ရှိကာ အမေရိကန် ဒေါ်လာ ၄၁၆ သန်း တန်ဖိုးရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့သည်။ ဤကုန်စည်နှစ်မျိုး၏ ပျမ်းမျှပို့ကုန် ဈေးနှုန်းများမှာ တည်ငြိမ်နေပြီး အဓိကစားသုံးမှုဈေးကွက်များမှာ ဥရောပနှင့် အာရှတို့တွင် တည်ရှိနေသည်။

လက်ဖက်နှင့် ဆန်တင်ပို့မှုသည် ပမာဏနှင့် တန်ဖိုးနှစ်မျိုးလုံးတွင် သိသာထင်ရှားသော တိုးတက်မှုများကို မှတ်တမ်း တင်ထားသည်။ လက်ဖက်တင်ပို့မှုသည် တန်ချိန် ၁၄,၀၀၀ ခန့်အထိရောက်ရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ သန်းတန်ဖိုးရှိကာ ဆန်တင်ပို့မှုသည် တန်ချိန် ၆၀၀,၀၀၀ ခန့်အထိရောက်ရှိခဲ့ပြီး အမေရိကန် ဒေါ်လာ ၃၇၀ သန်းတန်ဖိုးရှိသည်။ လက်ဖက်တင်ပို့မှု ဈေးနှုန်းများ အနည်းငယ်ကျဆင်းသွားသော်လည်း ထုတ်လုပ်မှုတိုးတက်လာခြင်းကြောင့် တင်ပို့မှုတန်ဖိုးမှာ ဆက်လက်မြင့်တက် နေဆဲဖြစ်သည်။ ဆန်တင်ပို့မှု ဈေးနှုန်းများသည် ၄ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့ပြီး တစ်တန်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၁၆ ဒသမ ၆ ရှိသည်။

စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ထိရောက်သော ထုတ်လုပ်မှုပုံစံများနှင့် စီးပွားရေး အဖွဲ့အစည်းပုံစံများဖွံ့ဖြိုးတိုးတက်ရေး၊ ပုံစံသစ်စိုက်ပျိုးရေးလုပ်ငန်းများ၊ သမဝါယမများ၏ ဂေဟစနစ်တစ်ခုတည်ဆောက်ရေး၊ ထုတ်လုပ်မှုအား ကာကွယ်ရန်နှင့် ဈေးကွက်တည်ငြိမ်စေရန်အတွက် သီးနှံများ၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများအတွက် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးတို့ကို အားကောင်းစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/63508

## တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ယွမ် ၁ ဒသမ ၅ ထရီလီယံတန်ဖိုးရှိ လက်ဖက်ခြောက်လုပ်ငန်းကို တည်ထောင်ရန်ရည်ရွယ်ထား

တရုတ်နိုင်ငံသည် လက်ဖက်ခြောက်လုပ်ငန်းကို အဆင့်မြှင့်တင်ရန် လမ်းညွှန်ချက်များထုတ်ပြန်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် လက်ဖက်ခြောက်လုပ်ငန်းကွင်းဆက်တစ်ခုလုံး၏ စုစုပေါင်းအရွယ်အစားကို ယွမ် ၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၁၆ ဘီလီယံခန့်)ရောက်ရှိရန် ဦးတည်ထားကြောင်း သိရသည်။

စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအပါအဝင် အစိုးရဌာန ၅ ခုမှ ပူးတွဲထုတ်ပြန်သော အဆိုပါလမ်းညွှန်ချက်များသည် လက်ဖက်ခြောက်လုပ်ငန်း၏ အရည်အသွေးနှင့် ထိရောက်မှုကို သိသိသာသာမြှင့်တင်ရန် ရည်ရွယ်ထားပြီး ၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ကောင်းမွန်စွာထောက်ပံ့ထားသော၊ ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော၊ ဉာဏ်ရည်ထက်မြက်သောနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်သော လက်ဖက်ခြောက်လုပ်ငန်းစနစ်တစ်ခုကို တည်ထောင်ရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းလမ်းညွှန်ချက်များသည် ၂၀၂၈ ခုနှစ်အတွက် ရည်မှန်းချက်များကိုလည်းချမှတ်ထားပြီး ရိုးရာလက်ဖက်စိုက်ပျိုးသည့် အဓိကဒေသများတွင် ပုံမှန်တိုးတက်မှုရှိစေရန်နှင့် ထူးခြားသော ဒေသခံလက်ဖက်လုပ်ငန်းများ၏ အရည်အသွေးနှင့် ထိရောက်မှုတို့တွင် ဆက်လက်တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ကြောင်း၊ လမ်းညွှန်ချက်များသည် ထုတ်ကုန်အမျိုးမျိုးနှင့် သုံးစွဲမှုပုံစံမျိုးစုံနှင့်အတူ စက်မှုလုပ်ငန်းကွင်းဆက်ခေတ်မီမှုကို မြှင့်တင်ရန်ဖော်ပြထားကြောင်း သိရသည်။

ထိုရည်မှန်းချက်များပြည့်မီစေရန်အတွက် လမ်းညွှန်ချက်များသည် သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှုကို အားကောင်းစေခြင်း၊ ဈေးကွက်အဖွဲ့အစည်းများကို ပြုစုပျိုးထောင်ခြင်းနှင့် အထူးပြုစက်မှုလုပ်ငန်းအစုအဝေးများကို မြှင့်တင်ခြင်းအပါအဝင် အဓိကလုပ်ငန်းတာဝန်များစွာကို ဖော်ပြထားကြောင်း၊ ၎င်းတို့သည် အိမ်သုံးပစ္စည်းများ၊ နေ့စဉ်သုံးဓာတုပစ္စည်းများ၊ အလှကုန်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သောကဏ္ဍများတွင် လက်ဖက်ခြောက်ကုန်ကြမ်းများနှင့်အစိတ်အပိုင်းများ အသုံးပြုမှုကို တိုးချဲ့ရန်ကြိုးပမ်းမှုများကိုလည်း အားပေးကြောင်း သိရသည်။

တရုတ်နိုင်ငံကို လက်ဖက်ခြောက်၏မွေးရပ်မြေအဖြစ်လူသိများပြီး ထောင်စုနှစ်များစွာကတည်းက လက်ဖက်ရည် (ရေနွေးကြမ်း)သည် တရုတ်ယဉ်ကျေးမှုတွင်နက်ရှိုင်းစွာအမြစ်တွယ်ခဲ့ပြီး တရုတ်လူမျိုးများ၏နေ့စဉ်ဘဝတွင် မရှိမဖြစ်အစိတ်အပိုင်း တစ်ခုဖြစ်လာခဲ့ကြောင်း သိရသည်။

Source: https://www.globaltimes.cn/page/202602/1355402.shtml ,(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_20022026_14:03

## အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည့် အီသနော‌ပမာဏ၏ထက်ဝက်နီးပါးမှာ ယခုအခါ ပြောင်းသီးနှံမှ ထုတ်လုပ်ခြင်းဖြစ်

အိန္ဒိယနိုင်ငံ၏ အီသနောရောစပ်ခြင်းအစီအစဉ်တွင် ပြောင်းသီးနှံ၏အခန်းကဏ္ဍသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ် (နိုဝင်ဘာလမှ အောက်တိုဘာလအထိ) အီသနောထောက်ပံ့မှုနှစ်(Ethanol Supply Year-ESY) အတွင်း သိသိသာသာအားကောင်းလာခဲ့ပြီး ယင်းသည် ကုန်ကြမ်းအသုံးပြုမှုပြောင်းလဲလာခြင်းကို ရှင်းလင်းစွာ ထင်ဟပ်စေကြောင်း သိရသည်။

အီသနော၊ ဇီဝစွမ်းအင်နှင့် အရက်ထုတ်လုပ်သူများ၏ ကုန်သွယ်ရေးအဖွဲ့ဖြစ်သော အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အရက်ချက်လုပ်သူများအသင်း (All India Distillers Association-AIDA)မှ မျှဝေထားသော နောက်ဆုံးအချက်အလက်များအရ နိုဝင်ဘာလမှ အောက်တိုဘာလအတွင်း အီသနောစုစုပေါင်းထုတ်လုပ်မှု၏ ထက်ဝက်နီးပါး (ခန့်မှန်းခြေ ၄၈ ရာခိုင်နှုန်း)မှာ ပြောင်းသီးနှံကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခင်ထောက်ပံ့မှုနှစ်တွင် ၄၂ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာမှ သိသိသာသာ တိုးတက်လာခြင်းဖြစ် ကြောင်း သိရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ပြောင်းသီးနှံသည် အစဉ်အလာအရ အသုံးပြုခဲ့သည့် ကြံအခြေခံ ကုန်ကြမ်းများကို ကျော်လွန်၍ နိုင်ငံအတွင်း အီသနောထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် အဓိကကုန်ကြမ်းဖြစ်လာခဲ့ကြောင်း သိရသည်။ "ယခုနှစ်အီသနောခွဲတမ်းစုစုပေါင်းအနက် ပြောင်းအခြေခံထုတ်လုပ်မှုသည် အစိုးရ၏ အားပေးသောမူဝါဒများနှင့် ဝယ်ယူသည့် ဈေးနှုန်းမြင့်တက်လာမှု (ပြောင်းအခြေခံအီသနော တစ်လီတာလျှင် ရူပီး ၇၁ ဒသမ ၈၆)တို့ကြောင့် မကြုံစဖူးတိုးတက်လာခဲ့ပါတယ်" ဟု AIDA က ထုတ်ပြန်ချက် တွင်ဖော်ပြခဲ့သည်။ ပျက်စီးသွားသော အစားအစာကောက်ပဲသီးနှံများနှင့် ပိုလျှံသော ကောက်ပဲသီးနှံများ

အပါအဝင် အခြားသောအစေ့အဆန်များ၊ ကြံရည်၊ B-heavy တင်လဲရည်နှင့် C-heavy တင်လဲရည်တို့သည်လည်း ကုန်ကြမ်းအဖြစ် မျှတစွာ ပါဝင်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ အီသနောထောက်ပံ့မှုအစီအစဉ်သည် အားကောင်းသော အရှိန်အဟုန်ဖြင့် ဆက်လက်ဖြစ်ပေါ်နေပြီး စာချုပ်ချုပ်ဆိုထားသည့် ပမာဏလီတာ ၁,၁၆၃ ကုဋေတွင် စုစုပေါင်းထောက်ပံ့မှုမှာ လီတာ ၁,၀၃၉ ကုဋေခန့်အထိရှိခဲ့ရာ ၈၉ ရာခိုင်နှုန်းအထိ ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရသည်။ ပြောင်းနှင့် ဆန်တို့အပါအဝင် အစေ့အဆန်အခြေခံကုန်ကြမ်းစုစုပေါင်းမှာ လီတာ ၇၁၈ ကုဋေရှိပြီး ထောက်ပံ့ပေးခဲ့သည့် အီသနောပမာဏ၏ ၆၉ ရာခိုင်နှုန်းနီးပါးအထိ ပါဝင်ခဲ့ရာ ယင်းသည် ယခင်နှစ်က ၅၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။ ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း ကြံအခြေခံကုန်ကြမ်းများမှာ လီတာ ၃၂၁ ကုဋေ(သို့မဟုတ် ၃၁ ရာခိုင်နှုန်း)ရှိခဲ့ပြီး ယခင်နှစ်က ၄၁ ရာခိုင်နှုန်းရှိခဲ့ရာမှ လျော့ကျသွားခဲ့ကြောင်း သိရသည်။

Source: The Hindu Businessline, Maize now accounts for close to half of ethanol produced in India, February 19, 2026. ,(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21022026_14:20

## သွင်းကုန်ခွန်အချို့ချမှတ်ထားခြင်းအား အဆုံးသတ်ကြောင်းနှင့်ပတ်သက်သည့် သမ္မတအမိန့်နှင့် နိုင်ငံတကာငွေပေးချေမှုဆိုင်ရာ အခြေခံပြဿနာများကိုဖြေရှင်းရန် ယာယီသွင်းကုန်ခွန်များချမှတ်ကြောင်း ထုတ်ပြန်ခဲ့

အမေရိကန်တရားရုံးချုပ်(Supreme Court of the United States)က သမ္မတဒေါ်နယ်ထရမ့်သည် ၁၉၇၇ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအရေးပေါ်စီးပွားရေးအခွင့်အာဏာအက်ဥပဒေ(International Emergency Economic Powers Act, IEEPA)အရ သွင်းကုန်ခွန်ချမှတ်ခြင်းသည် သမ္မတ၏အခွင့်အာဏာကို ကျော်လွန် အသုံးပြုခြင်းဖြစ်ကြောင်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်၊ နံနက်ပိုင်းတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် ယင်းနေ့ညနေပိုင်းတွင် သမ္မတထရမ့်သည် အမေရိကန်နိုင်ငံက ချမှတ်ထားသည့် သွင်းကုန်ခွန် အချို့ချမှတ်ထားခြင်းအား အဆုံးသတ်ခြင်း(Ending Certain Tariff Actions)သမ္မတအမိန့်ကိုထုတ်ပြန်ခဲ့သည်။ အဆိုပါအမိန့်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပါအဝင် ကုန်သွယ်ဖက်နိုင်ငံများအပေါ် အပြန်အလှန်သွင်းကုန်ခွန် ချမှတ်ခဲ့သော ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် သမ္မတအမိန့်အမှတ် ၁၄၂၅၇၊ အမေရိကန်နိုင်ငံ၏ ကုန်စည်ကုန်သွယ်ရေးတွင် နှစ်အလိုက် ကုန်သွယ်မှုလိုငွေအများအပြားဖြစ်ပေါ်လျက်ရှိခြင်းကို အထောက်အပံ့ပြုသည့် ကုန်သွယ်ရေးဆိုင်ရာအလေ့အကျင့်များပြုပြင်ရန် သွင်းကုန်များအပေါ်အပြန်အလှန် သွင်းကုန်ခွန်ချမှတ်ခြင်း(Executive Order 14257, Regulating Imports with a Reciprocal Tariff to Rectify Trade Practices that Contribute to Large and Persistent Annual United States Goods Trade Deficits)နှင့် ယင်းကို ပြင်ဆင်ချက်အမိန့်များသည် သက်ရောက်မှုရှိတော့မည်မဟုတ်ကြောင်းနှင့် သွင်းကုန်ခွန်များကောက်ခံမှုပြုတော့မည်မဟုတ်ကြောင်း၊ သက်ဆိုင်ရာအေဂျင်စီခေါင်းဆောင်များအနေဖြင့် ယခုသမ္မတအမိန့်အား ချက်ချင်းအကောင်အထည်ဖော်၍ ကောက်ခံလျက်ရှိသည့်သွင်းကုန်ခွန်များကို ရပ်ဆိုင်းရန်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

တစ်ဆက်တည်းတွင် အမေရိကန်နိုင်ငံသားများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်သူများကို အကျိုးရှိစေမည့် ကုန်သွယ်ရေးဆိုင်ရာဆက်ဆံရေးများကို ပြန်လည်ဘက်မျှအောင်ဆောင်ရွက်လျက်ရှိသော အစိုးရ၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာငွေပေးချေမှုဆိုင်ရာ အခြေခံပြဿနာများကိုဖြေရှင်းရန် ယာယီသွင်းကုန်ခွန်များချမှတ်ခြင်း (Imposing a temporary import surcharge to address fundamental international payments problem) ကြေညာချက်ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် အမေရိကန်သမ္မတအိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်ပါ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (အမေရိကန် အရှေ့ပိုင်းစံတော်ချိန် ၀၀:၀၁ နာရီ) မှစ၍ ရက်ပေါင်း ၁၅၀ အထိ အမေရိကန်နိုင်ငံသို့တင်သွင်းသည့် သွင်းကုန်များအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်သည်။

(ခ) အမေရိကန်စီးပွားရေးအတွက် လိုအပ်သည့်ကုန်စည်များဖြစ်သော အရေးပါသည့်တွင်းထွက်သတ္တု၊ သဘာဝ သယံဇာတ၊ စိုက်ပျိုးရေးထုတ်ကုန်အချို့နှင့် ဆေးဝါးအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်း၊ ခရီးသည်တင်ယာဉ်စသည်တို့ အပါအဝင် သွင်းကုန်အချို့ကို ယာယီသွင်းကုန်ခွန်ကောက်ခံမည်မဟုတ်ကြောင်း သိရသည်။

(ဂ) ၁၉၆၂ ခုနှစ်၊ ကုန်သွယ်ရေးတိုးချဲ့မှုအက်ဥပဒေ(Trade Expansion Act of 1962) ပုဒ်မ ၂၃၂ အရ လက်ရှိ ချမှတ် ထားသော သို့မဟုတ် နောင်ချမှတ်မည့် သွင်းကုန်များနှင့် ယင်းနှင့်ဆက်စပ်ပစ္စည်းများ၊ အမေရိကန်-မက္ကဆီကို-ကနေဒါ ကုန်သွယ်ရေးသဘောတူညီချက်အောက်တွင် အကျုံးဝင်သည့်ကုန်ပစ္စည်းများ၊ ဒိုမီနီကန် သမ္မတနိုင်ငံ - ဗဟိုအမေရိက လွတ်လပ် စွာကုန်သွယ်ရေးသဘောတူစာချုပ်(Dominican Republic – Central America Free Trade Agreement) အောက်ရှိ ကော့စတာရီကာ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ အယ်လ်ဆာဗေဒေါ၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာနိုင်ငံတို့မှ သွင်းကုန်ခွန် ကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်လျက်ရှိသည့် အထည်အလိပ်နှင့်အဝတ်အထည်များသည် ယာယီသွင်းကုန်ခွန်ကျသင့်မည်မဟုတ် ကြောင်း သိရသည်။

(ဃ) ထို့ပြင် သမ္မတထရမ့်က အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် (USTR)ရုံးအား အမေရိကန်နိုင်ငံ၏ ကူးသန်း ရောင်းဝယ်ရေးကို အဟန့်အတားဖြစ်စေသည့် ခွဲခြားဆက်ဆံလျက်ရှိသော အမူအကျင့်များ၊ မူဝါဒများနှင့် အလေ့အကျင့်များကို ၁၉၇၄ ခုနှစ်၊ ကုန်သွယ်ရေးအက်ဥပဒေ (Trade Act of 1974)၊ ပုဒ်မ ၃၀၁ အရ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ညွှန်ကြားကြောင်း သိရသည်။

ထို့ပြင် တန်ဖိုးနည်းသွင်းကုန်များ(De Minimis)အပေါ် ကောက်ခံသည့်သွင်းကုန်ခွန်အား ဆက်လက်ဆိုင်းငံ့ကြောင်း သမ္မတအမိန့်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် သီးခြားထုတ်ပြန်ခဲ့ပြီး ယင်းသွင်းကုန်များသည် ၁၉၆၂ ခုနှစ်၊ ကုန်သွယ် ရေးတိုးချဲ့မှုအက်ဥပဒေ၊ ပုဒ်မ ၁၂၂ အောက်ရှိ ယာယီသွင်းကုန်ခွန် ကျသင့်မည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြင်ဆင်ခဲ့သည်။

အမေရိကန်နိုင်ငံက အပြန်အလှန်သွင်းကုန်ခွန်များကောက်ခံမှု အဆုံးသတ်လိုက်ပြီး ယာယီသွင်းကုန် ခွန် ၁၀ ရာခိုင်နှုန်း သာ ကောက်ခံတော့မည်ဟု ကြေညာခဲ့သည့်အတွက် မြန်မာ့ပို့ကုန်များအပေါ် ယခင်က သွင်းကုန်ခွန် ၄၀ ရာခိုင်နှုန်းကောက်ခံရန် ချမှတ်ထားခဲ့သော်လည်း ယခုကြေညာချက်များအရ ယာယီ သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်းသာ ကျသင့်တော့မည်ဖြစ်သည်။

https://www.whitehouse.gov/presidential-actions/2026/02/continuing-the-suspension-of-duty-free-de-minimis-treatment-for-all-countries/, (ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21022026_13:41

## ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီသည် ပြည်ပနိုင်ငံများတွင် ကိုရီးယားလူသုံးကုန်ပစ္စည်းများဖြန့်ဖြူးရောင်းချနိုင်မည့် မိတ်ဖက်ကိုယ်စားလှယ်များ တိုးမြှင့်သွားမည်

တောင်ကိုရီးယားနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများတင်ပို့မှုမြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် ကုန်စည် ဖြန့်ဖြူးရောင်းချရေးကိုယ်စားလှယ်များ(Distribution Channels)အရေအတွက်ကို ၃၃၀ ကျော် အထိတိုးမြှင့်သွားမည်ဖြစ်သည် ဟု ကိုရီးယားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ (Korea Trade -Investment Promotion Agency- KOTRA) က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း KOTRA သည် နိုင်ငံပေါင်း ၅၀ ရှိ ကုန်စည်ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် စုစုပေါင်း ၂၉၈ ဦး နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံပေါင်း ၆၀ တွင် ကုန်စည်ဖြန့်ဖြူး ရောင်းချရေးကိုယ်စားလှယ်စုစုပေါင်း ၃၃၆ ဦးနှင့်ပူးပေါင်းကာ အဆိုပါနိုင်ငံများရှိ လက်လီအရောင်းဆိုင်များတွင် ကိုရီးယားကုမ္ပဏီများ၏ ကုန်စည်များရောင်းချခွင့် ရရေးနှင့်အရောင်းမြှင့်တင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်ရည်မှန်းထားကြောင်း KOTRA အရာထမ်းများက ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်ရည်မှန်းချက်အတွက် ကနဦးအစီအစဉ်အနေဖြင့် ဖိလစ်ပိုင်နိုင်ငံရှိ လက်လီ၊ လက်ကားဆိုင်ကြီးဖြစ်သည့် Landers (Costco Whole sale ကဲ့သို့ Members ဝင်ထားသူများအတွက်သာ သီးသန့် ရောင်းချပေးနေသော လက်လီ၊ လက်ကား အရောင်းဂိုဒေါင်တစ်ခုဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် နာမည်ကြီးသည့် အဓိကလက်လီ၊ လက်ကားအရောင်းဆိုင်၊ ဂိုဒေါင်တစ်ခုဖြစ် သည်)တွင် ကိုရီးယားကုမ္ပဏီများ၏ ကုန်စည်များ ရောင်းချသည့်ဆိုင်များဖွင့်ခွင့်ရရေး ကူညီပေးနိုင်ခဲ့သည်။

လက်တင်အမေရိကရှိ အကြီးဆုံး E-Commerce Platform ဖြစ်သည့် Mercado Libre တွင်လည်း ကိုရီးယား ထုတ်ကုန်များအတွက် အထူးကဏ္ဍတစ်ခု ထူထောင်ထားပြီးဖြစ်ကြောင်း၊ ပြည်ပ၌ ဈေးကွက်မြှင့်တင်ရေးအခမ်းအနားများ တိုးချဲ့

ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ၂၀၂၆ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလတို့တွင် အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့၌ Korean Wave Expos (ကိုရီးယားလှိုင်းကုန်စည်ပြပွဲ)များကို အသီးသီးကျင်းပသွားရန် လျာထားကြောင်း KOTRA က သတင်းထုတ်ပြန်ထားသည်။

အဆိုပါနိုင်ငံများအပြင် တရုတ်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံများတွင်လည်း K-Lifestyle Expos များကို ကျင်းပသွားရန် စီစဉ်နေကြောင်း၊ နယူးယောက်မြို့၊ တိုရွန်တိုမြို့၊ ဟန္နိုင်းမြို့၊ စင်ကာပူနှင့် လန်ဒန်မြို့အပါအဝင် ပြည်ပနိုင်ငံများရှိ KOTRA ရုံးခွဲပေါင်း ၂၀ တွင်လည်း "ကိုရီးယားပို့ကုန်လုပ်ငန်းရှင်များက သက်ဆိုင်ရာနိုင်ငံများရှိ ဈေးကွက်အသီးသီးသို့ ဝင်ရောက်နိုင်ရေး လိုအပ်သည်များ (ဥပမာ- သက်သေခံအထောက်အထား ထုတ်ပေးခြင်းလုပ်ငန်းစဉ်များအပါအဝင်)လိုအပ်သည်များ အကူအညီပေးသည့် ရုံးခန်း (Support Desks)" သစ် များဖွင့်လှစ်ထားပြီးဖြစ်ကြောင်း KOTRA က သတင်းထုတ်ပြန်ထားသည်။

Source: The Korea Times, (ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source:https://myantrade.gov.mm/article/STP(Ygn)_21022026_13:22

## ဒူဘိုင်းကုန်သည်ကြီးများအသင်းက Fintech မိတ်ဖက်များမှတစ်ဆင့် SMEs များအား အဆင့်မြင့် ဘဏ္ဍာရေးဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မှုအပေါ် အားကောင်းလာစေခဲ့

ဒူဘိုင်းကုန်သည်ကြီးများအသင်းသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် အဆင့်မြင့်နှင့်အခြားရွေးချယ်စရာဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်မှုအား တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အထူးပြု fintech ကုမ္ပဏီလေးခုနှင့် မဟာဗျူဟာမြောက်သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြပြီး ပိုမိုတက်ကြွပြီး ပူးပေါင်းပါဝင်သောစီးပွားရေး ဂေဟစနစ်တစ်ခုကို တည်ဆောက်သွားမည့် ၎င်းတို့၏ တွန်းအားအပေါ်အားဖြည့်ပေးခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာများကို Mamo၊ Qashio၊ Pemo နှင့် Vault စသည့် fintech ကုမ္ပဏီ လေးခုနှင့် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ထိုပူးပေါင်းဆောင်ရွက်မှုများတွင် SMEs များရင်ဆိုင်နေရသည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အထွေထွေစိန်ခေါ်မှုများကိုဖြေရှင်းရန်နှင့် ၎င်းတို့၏ ကြီးထွားမှုရည်မှန်းချက်များကို ပံ့ပိုးပေးနိုင်ရန်ပုံစံထုတ်ထားသော ဆန်းသစ်သည့်ဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းချက်များကို ပေးအပ်သွားနိုင် မည့်မူဘောင်တစ်ရပ်ကို ထူထောင်ပေးထားသည်။

၎င်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် SMEs များသည် အခြားရွေးချယ်စရာငွေစုအကောင့်များ၊ ကော်ပိုရိတ်ကတ်များ၊ လုပ်ငန်းလည်ပတ်ငွေချေးမှုများနှင့် ချောမွေ့သောအွန်လိုင်းငွေပေးချေမှု ဖြေရှင်းချက်များကို ရယူအသုံးပြုနိုင်မည်ဖြစ်သည်။ ဤကိရိယာများသည် ငွေသားစီးဆင်းမှုစီမံခန့်ခွဲမှုအား တိုးတက်စေရန်၊ လုပ်ငန်းလည်ပတ်မှုထိရောက်မှုကိုမြှင့်တင်ရန်နှင့် ပိုမိုမြန်ဆန်ပြီး ပိုမိုအသိပေးထားသော ဘဏ္ဍာရေး ဆုံးဖြတ် ချက်များအား ချမှတ်စေနိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ဒူဘိုင်းကုန်သည်ကြီးများအသင်း၏ ကူးသန်းရောင်းဝယ်ရေးနှင့် ကော်ပိုရိတ်ဝန်ဆောင်မှုများဆိုင်ရာ အမှုဆောင် ဒုတိယဥက္ကဋ္ဌ Khalid AlJarwan က ဤအစီအစဉ်သည် SMEs များအတွက် ကြီးထွားမှုအတားအဆီးများကိုဖယ်ရှားရာတွင် အဓိကခြေလှမ်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆင့်မြင့်ဘဏ္ဍာရေးကိရိယာများကို တိုက်ရိုက်ဝင်ရောက်ခွင့်ပေးခြင်းသည် ပုဂ္ဂလိကကဏ္ဍ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ပံ့ပိုးပေးပြီး ဒူဘိုင်း၏ဦးဆောင်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဗဟိုချက်အဖြစ် ရပ်တည်မှုကို အားကောင်းစေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

သဘောတူညီချက်များတွင် Dubai Chambers နှင့်၎င်း၏ fintech မိတ်ဖက်များသည် ဒစ်ဂျစ်တယ်လက်ခံမှု၊ ငွေကြေးအလိုအလျောက်စနစ်နှင့် နည်းပညာအခြေပြုလုပ်ငန်းလည်ပတ်မှုများကို အာရုံစိုက်သည့်ပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပညာရေးအစီအစဉ်များတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ စိတ်ကြိုက်ပြင်ဆင်ထားသောလှုံ့ဆော်မှုအစီအစဉ်များနှင့် ကြိုဆိုကမ်းလှမ်းချက်များသည် SMEs များအား ခေတ်မီဘဏ္ဍာရေးဆိုင်ရာ ဖြေရှင်းချက်များကို လက်ခံကျင့်သုံးရန် ပိုမိုအားပေးနိုင်လိမ့်မည်ဖြစ်သည်။

မိတ်ဖက်အဖွဲ့အစည်းတစ်ခုစီသည် လည်ပတ်မှုမရှိသောရန်ပုံငွေများအပေါ် ယှဉ်ပြိုင်နိုင်သော အကျိုးအမြတ်များ၊ ထိရောက်သောသုံးစွဲမှုစီမံခန့်ခွဲမှုအတွက် ချက်ချင်းထုတ်ပေးသောကော်ပိုရိတ်ကတ်များနှင့် ငွေပေးချေမှုများ၊ ကုန်ကျစရိတ်များနှင့် ခရက်ဒစ်ရယူခွင့်ကိုဗဟိုပြုသည့် ပေါင်းစပ်လမ်းကြောင်းများအပါအဝင် ပစ်မှတ်ထားသည့် အကျိုးကျေးဇူးများကို ယူဆောင်လာမည်ဖြစ်သည်။ ပေါင်းစပ်ဆောင်ရွက်ခြင်းအားဖြင့် အဆိုပါအစီအစဉ်များသည် ဒူဘိုင်း၏ SMEs အသိုင်းအဝိုင်းကို ယုံကြည်မှုဖြင့် တိုးချဲ့ရန်လက်တွေ့ကျသော ကိရိယာများဖြင့်တပ်ဆင်ပေးသွားရန်ရည်ရွယ်ထားခြင်းဖြစ်ကြောင်းသတင်းဖော်ပြထားသည်။

News Source: Emirates News Agency, (နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21022026_13:08

## ပြည်တွင်းကုန်သွယ်မှုသတင်း

### အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကျင်းပ

အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ၁/၂၀၂၆ ကြိမ်မြောက် အစည်းအဝေး ကို ဖေဖော်ဝါရီလ ၅ ရက်နေ့ နံနက် ၁၀:၀၀ နာရီက နေပြည်တော်၊ ရုံးအမှတ် (၃)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ(၂)၌ကျင်းပပြုလုပ်ရာအမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ပူးတွဲဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့က တက်ရောက်၍ အမှာစကားအသီးသီးပြောကြားခဲ့သည်။

အစည်းအဝေး၌ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၊ အတွင်းရေးမှူးက ယခင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား အစီရင်ခံတင်ပြခြင်း၊ ကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့အသီးသီးမှ လုပ်ငန်းအဖွဲ့အလိုက် တာဝန်ယူဆောင်ရွက်သည့် အစီအမံများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့သည်။

ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့် အစီအမံများအား သတ်မှတ်အချိန်အတွင်း ပြီးမြောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အတူတကွ ဝိုင်းဝန်းဆောင် ရွက်သွားကြရန်နှင့် လုပ်ငန်းအဖွဲ့များက လုပ်ငန်းစဉ်တစ်လျှောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြရန် ကော်မတီဥက္ကဋ္ဌများက တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်အရ ဖွဲ့စည်းထားသော အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီအောက်ရှိ လုပ်ငန်းအဖွဲ့များ၏ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား စိစစ်သုံးသပ်နိုင်ရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အစည်းအဝေးကို ကျင်းပရခြင်းဖြစ်သည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များနှင့် ကော်မတီအောက်ရှိလုပ်ငန်းအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံအရာရှိများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32835

### ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းမှ ရန်ကုန်အပြည်ပြည် ဆိုင်ရာဆိပ်ကမ်းများ၊ ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်တို့သည် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါ လျက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ဆိုက်ကပ်ရောက်ရှိလာသော ရန်ကုန်-ရနောင်း နယ်စပ်ကုန်သွယ်မှု အထွေထွေကုန်ပစ္စည်းတင် ကုန်တင်သင်္ဘောများ၏ ဆိပ်ကမ်းများသို့ ဆိုက်ကပ်ဝင်ရောက်မှု၊ ကုန်စည်များရှင်းလင်းထုတ်ယူနေမှု အခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ယာယီအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများဖြစ်သည့် မုတ္တမဆိပ်ကမ်းနှင့် ရွှေမဲဆိပ်ကမ်းများသို့ရောက်ရှိရာ ဆိပ်ကမ်းတာဝန်ရှိသူများမှ ရန်ကုန်-ရနောင်း နယ်စပ်ကုန်သွယ်မှု၊ အထွေထွေကုန်ပစ္စည်းတင် ကုန်တင်သင်္ဘောများဆိုက်ကပ်ရောက်ရှိမှု၊ ကုန်ပစ္စည်းများ တင်/ချ ဆောင်ရွက်နေမှု၊ အကောက်ခွန်ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ လိုအပ်သည်များမှာကြားဖြည့်ဆည်းပြီး ဆိပ်ကမ်းများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများဖြစ်သည့် အေးရှားဝေါဆိပ်ကမ်း၊ AIPT ဆိပ်ကမ်း၊ YIGT ဆိပ်ကမ်းနှင့် MIP ဆိပ်ကမ်းများသို့ ရောက်ရှိခဲ့ရာ ဆိပ်ကမ်းတာဝန်ရှိသူများက ရန်ကုန်-ရနောင်း နယ်စပ်ကုန်သွယ်မှု၊ အထွေထွေကုန်ပစ္စည်းတင်ကုန်တင်သင်္ဘောများ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု၊ နိုင်ငံခြားသင်္ဘောကြီးများ ဆိုက်ကပ်ဝင်ရောက်ချိန် နယ်စပ်ကုန်သွယ်မှု၊ ကုန်တင်သင်္ဘောများဆိုက်ကပ်ဆောင်ရွက်မှု လုပ်ငန်းအခက်အခဲများအပေါ် လိုအပ်သည်များ မှာကြားခဲ့ပြီး ဆိပ်ကမ်းများအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတို့သည် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး၌ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ရန်ကုန်-ကော့သောင်း-ရနောင်းနှင့် ရန်ကုန်-ရနောင်း ရေလမ်းကြောင်းမှတစ်ဆင့် ကုန်တင်သင်္ဘောအစီးလိုက် သွင်းကုန်လိုင်စင်ခွင့်ပြုမှုအရ ရန်ကုန်ဆိပ်ကမ်းများသို့ ဆိုက်ကပ်ရောက်ရှိခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်းနှင့် ကုန်ပစ္စည်းများ စစ်ဆေးရေးဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ဈေးကွက်အတွင်းသို့ ကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီဖြန့်ဖြူးနိုင်ရေး လုပ်ငန်းများဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

Source: https://commerce.gov.mm/my/article/minister-news-ministers-office/32840

## အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေး

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ ၁၀:၀၀ နာရီအချိန်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင်Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆ - ၂၀၃၀ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များမှ In Person ဖြင့် ၁၉ ဦး၊ Online ဖြင့် ၃၆ ဦး၊ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် တက်ရောက်လာကြသူများမှ အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ အကောင်အထည်ဖော်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်နေသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များက အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ အကောင်အထည်ဖော်ရာ၌ ကဏ္ဍအလိုက်ကော်မတီများက အဖွဲ့ဝင်များစာရင်းနှင့် လုပ်ငန်းစီမံချက်များကို ရေးဆွဲပေးပို့ပေးရန်၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲသည့်အခါတွင် အကောင်အထည်ဖော်မည့်ကာလကို ဘဏ္ဍာနှစ်ဖြင့် သတ်မှတ်ရေးဆွဲရန်၊ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များအနက် အလျင်အမြန် အကောင်အထည်ဖော်နိုင်မည့် Quick Win လုပ်ငန်းစဉ်တို့ကို ရွေးချယ်၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်တင်ပြတောင်းခံ ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့သည်။

Source:https://myantrade.gov.mm/event/STP,%20Nay%20Pyi%20Taw,%20MOC,%20Myantrade,%203-2-2026,%2016:00%20PM

# ပြည်ပကုန်သွယ်မှုသတင်း

## နေပြည်တော်ရင်ပြင်တွင် ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်း ပွဲတော်တွင် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းပါဝင်ပြသ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၃ ရက်နေ့အထိ နေပြည်တော်ရင်ပြင်တွင် ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင် တည်ထောင်သည့်

အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင်ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း၊ တင်ပို့မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်း ရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ၊ လက်ကားဆိုင်များဖြစ်သည့် MaKro ၊ City Mart ၊ One Stop Mart ၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများ ပြသရောင်းချနိုင်ရေးအတွက်ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွား ရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေး ဆောင်ရွက်ရာတွင် လိုအပ်သည့်ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ်စသည့် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေးစေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့်ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

ပြပွဲ ဒုတိယမြောက်နေ့ရက်ဖြစ်သည့် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၈၇ ဦး၊ ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှ လက်လီ၊ လက်ကား ၁၁ ဆိုင်နှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၄၁ ဦး၊ ရင်းနှီး မတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၃ ခုနှင့် တွေ့ဆုံသည့်လုပ်ငန်းရှင် ၄၀ ဦး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ မှ လုပ်ငန်းရှင် ၂၁ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

Source: https://commerce.gov.mm/my/article/minister-news/32837

**အထူးဆောင်းပါးများ**

## ပြည်တွင်းစားသုံးမှုနှင့် ပြည်ပဈေးကွက်ဝင် မက္ကဒေးမီးယားသီးနှံပင်များ စိုက်ပျိုးသည့် တောင်သူများ ဝယ်လိုအား ကမ်းလှမ်းလာမှုကြောင့် ယခင်ထက် ဝင်ငွေကောင်းပြီး အကျိုးအမြတ်ပိုမိုရရှိလာတော့မည်

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးမှုနှင့် နိုင်ငံတကာဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက် ဝင်ရောက်လာတော့မည့် နှစ်ရှည်ပင်အမျိုးအစားတွင်ပါဝင်သည့် မက္ကဒေးမီးယား (Macadamia) သီးနှံတစ်မျိုးသည် ယခုလက်ရှိတွင်လည်း အိမ်နီးချင်းနိုင်ငံကြီးတစ်ခု၏ ဝယ်လိုအားကမ်းလှမ်းလာမှုများကြောင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိလာ တော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

မက္ကဒေးမီးယားသီးနှံသည် အခွံမာသီးနှံတစ်မျိုးဖြစ်ပြီး နှစ်ပေါင်းရာချီသက်တမ်းရှိသော နှစ်ရှည်ပင် တစ်မျိုးဖြစ်ရာ (နှစ် ၆၀ မှနှစ် ၁၀၀ အထိ) ရှိနိုင်ပြီး ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော အာဟာရဓာတ်မျိုးစုံပါဝင်သည့်အပြင် လူသားအကျိုးပြု မပြည့်ဝဆီပါဝင်မှုသည် အခြားသီးနှံများထက် ပိုမိုသည့် အတွက် ကမ္ဘာ့အကောင်းဆုံးအစေ့အဆန် (Nut) အဖြစ် ကမ္ဘာကျော်သော သီးနှံဖြစ်သည်။

ရှမ်းပြည်နယ်နောင်ချိုဒေသတွင် ဧက ၅၀၀၀ မက္ကဒေးမီးယားစီမံကိန်းရုံးကို ဖွင့်လှစ်ခဲ့ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းရှိ စိုက်ပျိုးသင့်သော နေရာဒေသများသို့ တိုးချဲ့စိုက်ပျိုးခဲ့ရာ ယခုအခါတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကေများစွာ တိုးတက်လာခဲ့ပြီဖြစ်သည်။

အထူးသဖြင့် ရှမ်းပြည်နယ်တွင် ၁၀ဧကနှင့်အထက် စိုက်ပျိုးသူ ၃၄၁ ဦးရှိပြီး ခေတ်မီစိုက်ပျိုးရေး နည်းစနစ်ကောင်းများဖြင့် အသုံးပြုစိုက်ပျိုးလာကြကာ (G.A.P)လက်မှတ်ရရှိပြီးသူ ၆၇ ဦးအထိ ရှိလာသည့်အတွက် အနာဂတ်ကာလတွင် နိုင်ငံ့ဝင်ငွေ ပိုမိုရှာဖွေပေးနိုင်သော အဓိကသီးနှံတစ်ခုအဖြစ် တည်ရှိ နေပြီဖြစ်သည်။

“မက္ကဒေးမီးယား သီးနှံက လူသိနည်းပေမဲ့ ဝင်ငွေကောင်းပြီး ကျန်းမာရေးအတွက် အကျိုးပြုတဲ့ အမည်သစ်သီးနှံအဖြစ် ရေမြေနဲ့ကိုက်ညီတဲ့ ဒေသတွေမှာ တိုးချဲ့စိုက်ပျိုးလာစေဖို့ ဒါကနံပါတ် ၁ ပါ၊ ဒီသီးနှံနဲ့ပတ်သက်ပြီး ဒေသတွင်းရှိ ခြံငယ်ရှင်တွေ စိုက်ပျိုးထုတ်လုပ်မှုနဲ့ နည်းပညာအခက်အခဲတွေရှိရင် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပြီး နည်းပညာဖွံ့ဖြိုးတိုးတက် လာစေဖို့နဲ့ ကုန်ကြမ်းအဖြစ်ထုတ်လုပ်ရောင်းချနေခြင်းကနေ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်း စားသုံးမှု အပြင် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက် သုံးခုနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

“၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ပြည်ပပို့ကုန် တန် ၁၅၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ပြည်တွင်း စားသုံးမှုပမာဏအနေနဲ့ တန် ၅၀ စုစုပေါင်း တန် ၂၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့တယ်။ အခုဆိုရင် အိမ်နီးချင် နိုင်ငံကြီးတစ်ခုအနေနဲ့ ဝယ်လိုအား ပမာဏအများဆုံး ကမ်းလှမ်းထားတာရှိပါတယ်။ ပြီးတော့ မက္ကဒေးမီးယားသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုလည်း ဖွဲ့စည်းပြီး ဖြစ်ပါတယ်”ဟုနှစ်ရှည်သီးနှံဌာနခွဲအောက်ရှိရှမ်းပြည်နယ်မက္ကဒေးမီးယားခြံများတာဝန်ခံပညာရှင် ဦးစီးအရာရှိ ဦးတင်ထွန်းနိုင်က ပြောသည်။ အဆိုပါမက္ကဒေးမီးယားသီးနှံသည် ၂၀၁၆-၂၀၁၇ အတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ ဧက ၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံးစိုက်ဧကမှာ ၁၅၀၀၀ ကျော်အထိ ရှိလာခဲ့ရာ ဧက ၅၀၀၀ ကျော်ရိတ်သိမ်း၍ တန်ချိန် ၁၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

မက္ကဒေးမီးယား (Macadamia) သီးနှံ၏ မူရင်းဒေသမှာ ဩစတြေးလျ(Australia) နိုင်ငံ (Queensland) ဒေသနှင့် (New- south wales)ကမ်းရိုးတန်းဒေသတို့မှဖြစ်ကြောင်း၊ အဆိုပါသီးနှံကို ကိုင်းဆက်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်း ငါးနှစ်ပြည့်လျှင် စီးပွားဖြစ်ခူးဆွတ်နိုင်မည်ဖြစ်ပြီး အစေ့စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက အပင်သက်တမ်း ခုနစ်နှစ်၊ ရှစ်နှစ်တွင် စီးပွားဖြစ်စတင်ခူးဆွတ်နိုင်မည်ဖြစ်သည်။ မက္ကဒေးမီးယားသီးနှံသည် သက်တမ်းရှည် အကျိုးခံစားခွင့် ရှိသောသီးနှံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးခံစားခွင့် ပိုမိုမြန်ဆန်စေပြီး ပြည်ပဝင်ငွေများ ရရှိနိုင်သော ပြည်ပပို့ကုန်သီးနှံ ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံစိုက်ပျိုးထုတ်လုပ်သူတောင်သူများအနေဖြင့် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲထံ ဆွေးနွေးမေးမြန်းနိုင်ကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုစာရင်းများ ထုတ်ပြန်ခဲ့

တရုတ်နိုင်ငံကုန်သည်ကြီးများအသင်းမှ မကြာသေးမီက ထုတ်ပြန်ခဲ့သော အစားအသောက်၊ ဒေသ ထွက်ကုန်များနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတင်သွင်းတင်ပို့မှုဆိုင်ရာ အစီရင်ခံစာအရ တရုတ်နိုင်ငံ၏ သစ်သီးဝလံစုစုပေါင်းကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး တင်သွင်းမှုနှင့် တင်ပို့မှုနှစ်မျိုးစလုံးတိုးတက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် သစ်သီးဝလံတင်သွင်းမှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉၄ ဘီလီယံရှိပြီး မက်ထရစ် တန်ချိန် ၉ ဒသမ ၀၃၂ သန်းရှိခဲ့ကာ ၂၀၂၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တန်ဖိုးအားဖြင့် ၆ ဒသမ ၇ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၁၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း၊ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း နှစ်စဉ်တိုးတက်မှုနှုန်းမှာ တန်ဖိုးအားဖြင့် ၁၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၉ ဒသမ ၇ ရာခိုင်နှုန်း အထိရောက်ရှိခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ သစ်သီးတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၈ ဘီလီယံရှိခဲ့ပြီး တင်ပို့မှုပမာဏ မက်ထရစ်တန်ချိန် ၅ ဒသမ ၄၈၃ သန်းရှိကာ တန်ဖိုးအားဖြင့် ၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် ပမာဏ အားဖြင့် ၈ ဒသမ ၃ အသီးသီး မြင့်တက်ခဲ့ကြောင်း၊ နှစ်စဉ်တိုးတက်မှုနှုန်းမှာ တန်ဖိုးအားဖြင့် သုည ဒသမ ၉ ရာခိုင်နှုန်းနှင့် ပမာဏအားဖြင့် ၁ ဒသမ ၈ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း သိရသည်။

နိုင်ငံအလိုက်တင်သွင်းမှုတန်ဖိုးအရ ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ထိပ်တန်းသစ်သီးတင်သွင်းသည့် ၁၀ နိုင်ငံမှာ ထိုင်း၊ ဗီယက်နမ်၊ ချီလီ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ ပီရူး၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ကမ္ဘောဒီးယားနှင့် အီကွေဒေါတို့ဖြစ်ကြောင်း၊ ၎င်းတို့အနက် ဗီယက်နမ်သည် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆ ဘီလီယံဖြင့် ချီလီနိုင်ငံကိုကျော်တက်၍ တရုတ်နိုင်ငံသို့ ဒုတိယအကြီးဆုံး သစ်သီးတင်သွင်းရောင်းချသူ ဖြစ်လာခဲ့ကြောင်း သိရသည်။

သွင်းကုန်တန်ဖိုးအရ ၂၀၂၅ ခုနှစ်တွင် အဓိကတင်သွင်းသည့်သစ်သီးအမျိုးအစားများမှာ လတ်ဆတ်သော ဒူးရင်းသီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၉ ဘီလီယံ၊ လတ်ဆတ်သောချယ်ရီသီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၃ ဘီလီယံ၊

အအေးခဲထားသောဒူးရင်းသီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံခန့်၊ ငှက်ပျောသီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ဘီလီယံ၊ လတ်ဆတ်သောကီဝီသီး အမေရိကန်ဒေါ်လာ ၆၁၀ သန်း၊ မင်းဂွတ်သီး အမေရိကန်ဒေါ်လာ ၅၉၀ သန်း၊ အုန်းသီးအသေး အမေရိကန်ဒေါ်လာ ၅၈၀ သန်း၊ လတ်ဆတ်သော လောင်ဂန်သီး အမေရိကန်ဒေါ်လာ ၅၀၀ သန်းနှင့် ဘလူးဘယ်ရီသီး အမေရိကန်ဒေါ်လာ ၄၀၀ သန်း ခန့် တို့ဖြစ်ကြောင်း၊ အဆိုပါသစ်သီး ၉ မျိုးပေါင်းသည် တရုတ်နိုင်ငံ၏ စုစုပေါင်း သစ်သီး တင်သွင်းမှုတန်ဖိုး၏ ၈၄ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ဒူးရင်းသီးသည် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းသည့်သစ်သီးအမျိုးအစားဖြစ်ကာ ၂၀၂၅ ခုနှစ်တွင် လတ်ဆတ်သော ဒူးရင်းသီးတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၉ ဘီလီယံ၊ +၇ ဒသမ ၁ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ပြီး မက်ထရစ် တန်ချိန် ၁ ဒသမ ၈၆၈ သန်း၊ +၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း၊ တရုတ်နိုင်ငံသို့ ဒူးရင်းသီးအဓိကတင်သွင်းသူများမှာ ထိုင်းနိုင်ငံ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀ ဘီလီယံ၊ -၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် ဗီယက်နမ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄ ဘီလီယံ၊ +၁၇ ဒသမ ၁ ရာခိုင်နှုန်း တို့ဖြစ်ကြောင်း၊ တင်သွင်းမှုတန်ဖိုးအရ ထိုင်းနိုင်ငံသည် ဆက်လက်ဦးဆောင်နေသော်လည်း ဗီယက်နမ်မှ တင်သွင်းမှုပမာဏသည် ထိုင်းနိုင်ငံကို ပထမဆုံးအကြိမ် ကျော်လွန်ကာ မက်ထရစ်တန်ချိန် ၉၄၀,၀၀၀၊ +၂၇ ဒသမ ၇ ရာခိုင်နှုန်း အထိရောက်ရှိခဲ့ကြောင်း သိရသည်။

အအေးခဲထားသောဒူးရင်းသီးများ(HS code 08119090)တင်သွင်းမှုမှာ စုစုပေါင်းအမေရိကန် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ၊ +၃၀ ရာခိုင်နှုန်းခန့်ရှိပြီး မက်ထရစ်တန်ချိန် ၁၈၀,၀၀၀ခန့်၊ +၅၈ ရာခိုင်နှုန်းရှိကြောင်း၊ ထိုင်းနိုင်ငံမှ တင်သွင်းမှုမှာ ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မက်ထရစ်တန်ချိန် ၇၂,၀၀၀ ရှိကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၈၀ သန်း၊ -၂၆ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဗီယက်နမ်မှ တင်သွင်းမှုမှာ မက်ထရစ်တန်ချိန် ၉၄,၀၀၀ အထိ သိသိသာသာမြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၇၀ သန်း ရှိကြောင်း၊ မလေးရှားမှ တင်သွင်းမှုမှာ မက်ထရစ်တန်ချိန် ၁၅,၀၀၀၊ -၂၁ ရာခိုင်နှုန်းရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆၀ သန်း၊ +၂၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ချယ်ရီသီးများသည် တရုတ်နိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းသည့်သစ်သီးဖြစ်ပြီး တင်သွင်းမှုတန်ဖိုး မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၃ ဘီလီယံ၊ -၆ ဒသမ ၂ ရာခိုင်နှုန်းအထိရောက်ရှိခဲ့ပြီး တင်သွင်းမှုပမာဏမှာ မက်ထရစ် တန်ချိန် ၅၈၇,၀၀၀၊ +၃၀ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ကြောင်း၊ ၎င်းတို့အနက် ချီလီမှတင်သွင်းမှုမှာ စုစုပေါင်းအမေရိကန် ဒေါ်လာ ၃ ဒသမ ၃၆ ဘီလီယံ၊ -၅ ရာခိုင်နှုန်းရှိပြီး မက်ထရစ်တန်ချိန် ၅၇၉,၀၀၀၊  +၃၂ ရာခိုင်နှုန်းရှိကာ တရုတ်နိုင်ငံ၏ ချယ်ရီသီးတင်သွင်းမှုပမာဏ၏ ၉၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ငှက်ပျောသီးတင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ ဘီလီယံ၊ +၁၇ ရာခိုင်နှုန်းရှိခဲ့ပြီး မက်ထရစ်တန်ချိန် ၁ ဒသမ ၉၄သန်း၊ +၁၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ တရုတ်သို့ အဓိကတင်သွင်းသည့်နိုင်ငံများမှာ ဖိလစ်ပိုင်(အမေရိကန်ဒေါ်လာ ၃၂၀ သန်း၊ +၂၂ ရာခိုင်နှုန်း)၊ ဗီယက်နမ်(အမေရိကန်ဒေါ်လာ ၂၈၀ သန်း၊ +၇ ရာခိုင်နှုန်း)၊ အီကွေဒေါ(အမေရိကန်ဒေါ်လာ ၂၁၀ သန်း၊ +၂၇ ရာခိုင်နှုန်း)နှင့် ကမ္ဘောဒီးယား (အမေရိကန် ဒေါ်လာ ၁၈၀ သန်း၊ +၁၂ ရာခိုင်နှုန်း)တို့ဖြစ်ကြောင်း၊ ဤလေးနိုင်ငံပေါင်းလျှင် တရုတ်၏ စုစုပေါင်းငှက်ပျောသီး တင်သွင်းမှု တန်ဖိုးနှင့် ပမာဏ၏ ၉၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လတ်ဆတ်သော ကီဝီသီးတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၆၁၀ သန်း၊ +၁ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး မက်ထရစ်တန်ချိန် ၁၅၄,၀၀၀၊ +၂ ရာခိုင်နှုန်းရှိကြောင်း၊ နယူးဇီလန်သည် အဓိကတင်သွင်း ရောင်းချသည့်နိုင်ငံအဖြစ် ဆက်လက် ရပ်တည်နေပြီး တင်သွင်းမှုမှာ အမေရိကန်ဒေါ်လာ ၆၀၀ သန်း၊ +၂ ရာခိုင်နှုန်းနှင့် မက်ထရစ်တန်ချိန် ၁၅၃,၀၀၀၊ +၃ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏မင်းဂွတ်သီးတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၅၉၀ သန်း၊ -၁၂ ရာခိုင်နှုန်းရှိကာ ပမာဏအားဖြင့် မက်ထရစ်တန်ချိန် ၂၆၀,၀၀၀၊ -၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံသည် စုစုပေါင်းတင်သွင်းမှုပမာဏ၏ ၈၆ ရာခိုင်နှုန်းရှိပြီး အမေရိကန်ဒေါ်လာ ၄၇၀ သန်း -၁၁ ရာခိုင်နှုန်းနှင့် မက်ထရစ်တန်ချိန် ၂၂၅,၀၀၀၊ -၁ ဒသမ ၃ ရာခိုင်နှုန်း ရောင်းချခဲ့ကြောင်း၊ အင်ဒိုနီးရှားသည် ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး တင်သွင်းမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၀ သန်း၊ -၂၀ ရာခိုင်နှုန်းနှင့် မက်ထရစ်တန် ၃၃,၀၀၀၊  -၃၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အုန်းသီးအလုံးသေးတင်သွင်းမှုမှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၅၈၀ သန်း၊ +၂၆ ရာခိုင်နှုန်းရှိပြီး မက်ထရစ်တန်ချိန် ၁ ဒသမ ၁၁၄ သန်း၊ +၂၂ ရာခိုင်နှုန်းရှိကြောင်း၊ အဓိကတင်ပို့သည့်နိုင်ငံများမှာ ထိုင်းနိုင်ငံ (အမေရိကန်ဒေါ်လာ ၂၈၀ သန်း၊

-၁ ရာခိုင်နှုန်း)၊ အင်ဒိုနီးရှား(အမေရိကန်ဒေါ်လာ ၂၃၀ သန်း၊ +၉၉ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဗီယက်နမ်(အမေရိကန်ဒေါ်လာ ၅၀ သန်း၊ ပြောင်းလဲမှုမရှိ)တို့ဖြစ်ကြောင်း သိရသည်။

လတ်ဆတ်သောလောင်ဂန်သီးတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၅၀၀ သန်း၊ +၃ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပြီး မက်ထရစ်တန်ချိန် ၄၀၉,၀၀၀၊ +၇ ရာခိုင်နှုန်းရှိကြောင်း၊ အဓိကတင်ပို့ရောင်းချသည့်နိုင်ငံများမှာ ထိုင်းနိုင်ငံ(အမေရိကန်ဒေါ်လာ ၄၅၀ သန်း၊ -၁ ရာခိုင်နှုန်း)၊ကမ္ဘောဒီးယား(အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၈၇ သန်း၊ +၃၃ ရာခိုင်နှုန်း)နှင့် ဗီယက်နမ် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၁ သန်း၊ +၈ ရာခိုင်နှုန်း)တို့ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် ဘလူးဘယ်ရီသီးတင်သွင်းမှု(HS code 08104000) သည် အမေရိကန်ဒေါ်လာ ၄၀၀ သန်း၊ +၁၃ ရာခိုင်နှုန်းခန့်ရှိပြီး မက်ထရစ်တန် ၅၂,၀၀၀၊ +၃၃ ရာခိုင်နှုန်းရှိကြောင်း၊ ပီရူးသည် အဓိကရောင်းချသူ အဖြစ်ဆက်လက်ရှိနေပြီး တင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀ သန်း၊ +၂၀ ရာခိုင်နှုန်းနှင့် မက်ထရစ် တန်ချိန် ၄၉,၀၀၀၊ +၄၃ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။Source: https://www.producereport.com/article/chinas-2025-fruit-import-statistics-released
(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့),
Source: https://myantrade.gov.mm/article/STP(Ygn)_20022026_14:06

**ကုန်သွယ်မှုအခြေအနေ,**

**ကုန်စည်ဈေးနှုန်းများ**

**၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)( ၃.၃.၂၀၂၆ )ထိ**

| မြို့နယ် | ရေဝတီ ပေါ်ဆန်း(အဟောင်း) | ရေဝတီ ပေါ်ဆန်း(အသစ်) |
|---|---|---|
| ဖျာပုံ | 125000-130000 | 105000-110000 |
| မြောင်းမြ | 145000-150000 | 105000-110000 |
| ဒေးဒရဲ | 125000-130000 | 105000-110000 |
| ဝါးခယ်မ | 125000-130000 | 105000-110000 |
| ဘိုကလေး | 125000-130000 | 105000-110000 |
| မော်လမြိုင်ကျွန်း | 125000-130000 | 105000-110000 |
| လပွတ္တာ | 125000-130000 | 105000-110000 |
| ကျိုက်လတ် | 125000-130000 | 105000-110000 |
| ဘုရင့်နောင် | | 165000-175000(ရွှေဘိုပေါ်ဆန်း-အသစ်) |

**Source: MRF**

**၂၀၂၆၊ ဖေဖော်ဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ဒေါ်လာ)**

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 2.2.2026 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 |
| 2 | 9.2.2026 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 |
| 3 | 18.2.2026 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 | 1550-1950 |
| 4 | 23.2.2026 | 1800-2200 | 1750-2150 | 1700-2100 | 1650-2050 | 1600-2000 |

Source: MRPPA

## ၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း နေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(အသစ်) | | | ခွဲနီ(ရှယ်) (အဟောင်း) | | | ညှော်မထ 15% အကြမ်း (အဟောင်း) | | | ဇစိန်(အဟောင်း) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 2 | 3.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 3 | 4.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 4 | 5.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 5 | 6.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 6 | 9.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 7 | 10.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 8 | 11.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 9 | 18.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 10 | 19.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 11 | 20.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 12 | 21.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 13 | 23.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 14 | 24.2.2026 | 110000 | 105000 | 97000 | 88000 | 83000 | 80000 | 51000 | 50500 | 50000 | 51000 | 50000 | 49000 |
| 15 | 25.2.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 51500 | 51000 | 52000 | 51000 | 50000 |
| 16 | 26.2.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 51500 | 51000 | 52000 | 51000 | 50000 |
| 17 | 27.2.2026 | 110000 | 105000 | 100000 | 80000 | 75000 | 73000 | 52000 | 51500 | 51000 | 52000 | 51000 | 50000 |

Source: Myanmar Rice

## ၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.2.2026 | 2100.0 | 66.48 | 302.11 | 1652.18 | 22.93 | 1355.54 |
| 2 | 3.2.2026 | 2100.0 | 66.92 | 302.76 | 1655.63 | 23.24 | 1351.39 |
| 3 | 4.2.2026 | 2100.0 | 66.43 | 302.70 | 1653.28 | 23.26 | 1342.32 |
| 4 | 5.2.2026 | 2100.0 | 66.09 | 302.59 | 1649.06 | 23.27 | 1337.15 |
| 5 | 6.2.2026 | 2100.0 | 66.37 | 302.64 | 1649.19 | 23.16 | 1338.13 |
| 6 | 9.2.2026 | 2100.0 | 67.32 | 303.34 | 1655.37 | 23.15 | 1341.68 |
| 7 | 10.2.2026 | 2100.0 | 67.38 | 303.80 | 1659.49 | 23.19 | 1349.74 |
| 8 | 11.2.2026 | 2100.0 | 67.57 | 303.89 | 1663.56 | 23.15 | 1369.64 |
| 9 | 18.2.2026 | 2100.0 | 67.17 | 303.97 | 1661.52 | 23.16 | 1366.70 |
| 10 | 19.2.2026 | 2100.0 | 67.43 | 303.97 | 1657.46 | 23.07 | 1354.80 |
| 11 | 20.2.2026 | 2100.0 | 67.25 | 303.97 | 1654.13 | 23.08 | 1351.74 |
| 12 | 21.2.2026 | 2100.0 | 67.61 | 303.97 | 1657.72 | 23.15 | 1354.18 |
| 13 | 23.2.2026 | 2100.0 | 67.64 | 303.97 | 1660.54 | 23.12 | 1357.60 |
| 14 | 24.2.2026 | 2100.0 | 67.57 | 304.80 | 2645.74 | 23.09 | 1346.20 |
| 15 | 25.2.2026 | 2100.0 | 67.60 | 305.85 | 1660.87 | 23.09 | 1347.75 |
| 16 | 26.2.2026 | 2100.0 | 67.60 | 307.00 | 1662.18 | 23.10 | 1345.16 |
| 17 | 27.2.2026 | 2100.0 | 67.67 | 306.25 | 1661.26 | 23.09 | 1347.10 |

Source: Central Bank of Myanmar

## ၂၀၂၆၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|
| | | 2025 | 2026 | (ထိပ်စ) | | |
| 1 | 2.2.2026 | 3005000 | 3220000 | 3775400 | 2578200-2685300 | 2146400 |
| 2 | 3.2.2026 | 3037000 | 3182000 | 3570200 | 2578200-2685300 | 2146400 |
| 3 | 4.2.2026 | 3017000 | 3147000 | 3570200 | 2578200-2685300 | 2146400 |
| 4 | 5.2.2026 | 3083000 | 3241000 | 3570200 | 2578200-2685300 | 2146400 |
| 5 | 6.2.2026 | 3075000 | 3211000 | 3570200 | 2578200-2685300 | 2146400 |
| 6 | 9.2.2026 | 3079000 | 3200000 | 3570200 | 2578200-2685300 | 2146400 |
| 7 | 10.2.2026 | 3061000 | 3160000 | 3417100 | 2578200-2685300 | 2253600 |
| 8 | 11.2.2026 | 3093000 | 3200000 | 3417100 | 2578200-2685300 | 2253600 |
| 9 | 18.2.2026 | 3064000 | 3163000 | 3417100 | 2578200-2685300 | 2253600 |
| 10 | 19.2.2026 | 3062000 | 3168000 | 3316100 | 2578200-2633300 | 2253600 |
| 11 | 20.2.2026 | 3040000 | 3175000 | 3316100 | 2578200-2633300 | 2253600 |
| 12 | 21.2.2026 | 3016000 | 3140000 | 3316100 | 2578200-2633300 | 2253600 |
| 13 | 23.2.2026 | 2995000 | 3130000 | 3316100 | 2578200-2633300 | 2253600 |
| 14 | 24.2.2026 | 3018000 | 3135000 | 3316100 | 2578200-2633300 | 2253600 |
| 15 | 25.2.2026 | 3010000 | 3116000 | 3316100 | 2578200-2633300 | 2253600 |
| 16 | 26.2.2026 | 3013000 | 3102000 | 3316100 | 2578200-2633300 | 2253600 |
| 17 | 27.2.2026 | 3005000 | 3086000 | 3316100 | 2578200-2633300 | 2253600 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး (ရွှေကျွန်း) | ပဲလွန်းဖြူ (မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.2.2026 | 6393400-6503600 | 2449600-2480200 | 1938200-2296500 | 4081600-4133600 | 894100-906300 |
| 2 | 3.2.2026 | 6393400-6503600 | 2449600-2480200 | 1938200-2348500 | 4081600-4133600 | 900200-912500 |
| 3 | 4.2.2026 | 6393400-6503600 | 2449600-2480200 | 1938200-2296500 | 4081600-4185700 | 900200-912500 |
| 4 | 5.2.2026 | 6393400-6503600 | 2449600-2480200 | 1938200-2296500 | 4081600-4185700 | 900200-912500 |
| 5 | 6.2.2026 | 6393400-6503600 | 2449600-2480200 | 1938200-2296500 | 4081600-4185700 | 900200-912500 |
| 6 | 9.2.2026 | 6393400-6665900 | 2449600-2480200 | 1938200-2296500 | 4081600-4185700 | 900200-912500 |
| 7 | 10.2.2026 | 6393400-6665900 | 2449600-2480200 | 1938200-2296500 | 4081600-4185700 | 918600-930800 |
| 8 | 11.2.2026 | 6393400-6665900 | 2449600-2480200 | 1938200-2317900 | 4081600-4185700 | 918600-930800 |
| 9 | 18.2.2026 | 6393400-6665900 | 2428100-2449600 | 1938200-2317900 | 4182600-4237700 | 918600-930800 |
| 10 | 19.2.2026 | 6393400-6503600 | 2397500-2431200 | 1938200-2317900 | 4081600-4185700 | 930800-943100 |
| 11 | 20.2.2026 | 5202300-5419700 | 2397500-2431200 | 1938200-2296500 | 4081600-4185700 | 930800-943100 |
| 12 | 21.2.2026 | 5202300-5419700 | 2327100-2348500 | 1938200-2278100 | 4081600-4185700 | 930800-943100 |
| 13 | 23.2.2026 | 3900900-4335700 | 2327100-2348500 | 1938200-2278100 | 4081600-4185700 | 930800-943100 |
| 14 | 24.2.2026 | 3900900-4335700 | 2327100-2348500 | 1938200-2278100 | 4182600-4237700 | 930800-943100 |
| 15 | 25.2.2026 | 3900900-4335700 | 2327100-2348500 | 1938200-2278100 | 4182600-4237700 | 930800-943100 |
| 16 | 26.2.2026 | 3900900-4335700 | 2327100-2348500 | 1938200-2278100 | 4182600-4237700 | 930800-943100 |
| 17 | 27.2.2026 | 3900900-4335700 | 2327100-2348500 | 1938200-2278100 | 4182600-4237700 | 930800-943100 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ (မတန်/ဒေါ်လာ)

| ပဲအမျိုးအစား | | 2.2.2026 to 6.2.2026 | 9.2.2026 to 11.2.2026 | 18.2.2026 to 20.2.2026 | 23.7.2026 to 27.2.2026 |
|---|---|---|---|---|---|
| မတ်ပဲ (2024-25 Crop) | FAQ | 795-805 | 825-835 | 820-830 | 795-805 |
| | SQ | 895-905 | 925-935 | 920-930 | 895-905 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 900-920 | 930-950 | 925-945 | 900-920 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1000-1020 | 1030-1050 | 1025-1045 | 1000-1020 |
| | အခွံပါအခြမ်း | 900-920 | 930-950 | 925-945 | 900-920 |
| ပဲတီစိမ်း (2024-25 Crop) | FAQ (အညာ) | 910-920 | 880-890 | 850-860 | 840-850 |
| | FAQ (ရွှေဝါ) | 1030-1040 | 1000-1010 | 970-980 | 940-950 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 1080-1090 | 1050-1060 | 1020-1030 | 990-1000 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 1050-1060 | 1020-1030 | 990-1000 | 960-970 |
| | ရွှေဝါအသေး (Under 3.5 mm) | 970-980 | 940-950 | 910-920 | 880-890 |
| ပဲတီစိမ်း (2024 -25 Crop) | FAQ ပဲနောက် | 930-940 | 900-910 | 870-880 | 850-860 |
| | SQ ပဲနောက် | 1360-1370 | 1310-1320 | 1280-1290 | 1230-1240 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1085-1105 | 1055-1075 | 1055-1075 | 1035-1055 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 940-960 | 940-960 | 940-960 | 940-960 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 890-910 | 890-910 | 890-910 | 890-910 |
| ပဲစင်းငုံ(2025 -26 Crop) | အနီ | 860-870 | 860-870 | 850-860 | 840-850 |
| ပဲစင်းငုံ(2024 -25 Crop) | အနီ | 820-830 | 820-830 | 820-830 | 810-820 |
| ပဲစင်းငုံ (2024-25 Crop) | အဖြူ(စစ်ကိုင်း) | 780-790 | 780-790 | 780-790 | 770-780 |
| | အခွံချွတ်အခြမ်း | 1120-1140 | 1120-1140 | 1120-1140 | 1110-1130 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 710-720 | 710-720 | 690-700 | 690-700 |
| | အခွံချွတ်အခြမ်း | 980-1000 | 980-1000 | 960-980 | 960-980 |
| ပဲလွန်းဖြူ | FAQ | 680-690 | 660-670 | 660-670 | 650-660 |
| | SQ | 770-780 | 750-760 | 750-760 | 750-760 |
| | အခွံချွတ်အခြမ်း | 820-840 | 800-820 | 800-820 | 790-810 |
| ပဲလွန်းနီ | FAQ | 700-710 | 680-690 | 680-690 | 680-690 |
| ပဲထောပတ် | FAQ | 605-615 | 625-635 | 645-655 | 660-670 |
| | အခွံချွတ်အခြမ်း | 630-650 | 650-670 | 670-690 | 690-710 |
| ပြောင်းဆန် | | 240-250 | 240-250 | 240-250 | 245-255 |
| နှမ်းဖြူ | | 1175-1185 | 1205-1215 | 1225-1235 | 1255-1265 |
| နှမ်းနက်(စမုန်) | | 2635-2645 | 2665-2675 | 2665-2675 | 2675-2685 |
| နှမ်းညို | | 1080-1090 | 1110-1120 | 1130-1140 | 1160-1170 |
| နှမ်းနက်(ရိုးရိုး) | | 2475-2485 | 2505-2515 | 2505-2515 | 2535-2545 |
| မြေထောက်ပဲ(အနီ)FAQ | | 765-775 | 765-775 | 765-775 | 785-795 |
| မြေထောက်ပဲ(အနီ)SQ | | 875-885 | 875-885 | 875-885 | 895-905 |
| မြေထောက်ပဲ(အဖြူ) | | 875-885 | 875-885 | 875-885 | 895-905 |
| မြေထောက်ပဲ(အကြား)Light Speckled Kidney Beans | | 765-755 | 765-775 | 765-775 | 785-795 |
| ပဲယင်း(ဝါ) | | 610-620 | 610-620 | 620-630 | 620-630 |
| ပဲယင်း(နီ) | | 610-620 | 610-620 | 620-630 | 620-630 |
| ပဲကြီး | | 1205-1215 | 1205-1215 | 1235-1245 | 1205-1215 |
| ပဲကြီးအခွံချွတ်အခြမ်း | | 1325-1345 | 1325-1345 | 1355-1375 | 1325-1345 |
| Adzuki/Mung Beans (Red)/ Small Red Beans | | 1000-1010 | 1000-1010 | 1030-1040 | 1030-1040 |
| စွန်တာနီ/ပြာ | | 835-845 | 835-845 | 835-845 | 855-865 |
| မြေပဲ (လုံးဆန်) | | 1525-1535 | 1555-1565 | 1555-1565 | 1555-1565 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

# ၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN)(ဒေါ်လာ/ မက်တန်)

| စဉ် | အမျိုးအစား | 4.2..2025 to 10.2.2026 | 11.2.2026 to 17.2.2026 | 18.2.2026 to 24.2.2026 | 25.2.2026 to 3.3.2026 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 100 % (Super 100 %) | 335-345 | 335-345 | 335-345 | 335-345 |
| 2 | Myanmar Long Grain White Rice 100 % (Extra Well Milled) | 335-345 | 335-345 | 335-345 | 335-345 |
| 3 | Myanmar Long Grain White Rice 10% Broken (90 days) | 345-350 | 345-350 | 345-350 | 345-350 |
| 4 | Myanmar Long Grain White Rice (Emata) 3% Broken (Well Milled Double Polished Sortexed) | 340-345 | 340-345 | 340-345 | 340-345 |
| 5 | Myanmar Long Grain White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 6 | Myanmar Long Grain White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 7 | Myanmar Long Grain White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 8 | Myanmar Long Grain White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 295-305 | 295-305 | 295-305 |
| 9 | Myanmar White Rice (Emata) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 10 | Myanmar White Rice (Emata) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 11 | Myanmar White Rice (Emata) 15% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 12 | Myanmar White Rice (Emata) 25% Broken (Well Milled Double Polished Sortexed) | 295-305 | 295-305 | 295-305 | 295-305 |
| 13 | Myanmar White Rice 5% Broken (747) (Well Milled Double Polished Sortexed) | 335-345 | 335-345 | 335-345 | 335-345 |
| 14 | Myanmar White Rice 10% Broken (747) (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 15 | Myanmar White Rice 15% Broken (747) (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 |
| 16 | Myanmar Long Grain White Rice(Emata) 5% Broken (Well Milled & Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 17 | Myanmar Long Grain White Rice(Emata) 10% Broken (Well Milled & Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 18 | Myanmar Long Grain White Rice(Emata) 15% Broken (Well Milled & Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 19 | Myanmar Long Grain White Rice(Emata) 25% Broken (Well Milled & Sortexed) | 295-305 | 295-305 | 295-305 | 295-305 |
| 20 | Myanmar Long Grain White Rice(Emata) 5% Broken (Reasonable Well Milled) | 305-315 | 305-315 | 305-315 | 305-315 |
| 21 | Myanmar Long Grain White Rice(Emata) 10% Broken (Reasonable Well Milled) | 295-305 | 295-305 | 295-305 | 295-305 |
| 22 | Myanmar Long Grain White Rice(Emata) 15% Broken (Reasonable Well Milled) | 285-295 | 285-295 | 285-295 | 285-295 |
| 23 | Myanmar Long Grain White Rice(Emata) 25% Broken (Reasonable Well Milled) | 275-285 | 275-285 | 275-285 | 275-285 |
| 24 | Myanmar Long Grain White Rice (GW-11) 5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 25 | Myanmar Long Grain White Rice (GW-11) 10% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 26 | Myanmar Long Grain White Rice (GW-11) 25% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 |
| 27 | Myanmar White Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 28 | Myanmar White Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 |
| 29 | Myanmar White Rice (Kayinma)15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 30 | Myanmar White Rice (Kayinma)25% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 31 | Myanmar White Rice (Sin Thu Kha)5% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 32 | Myanmar White Rice (Sin Thu Kha)10% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 33 | Myanmar White Rice (Sin Thu Kha)15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 34 | Myanmar White Rice (Sin Thu Kha)25% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 |
| 35 | Myanmar White Rice (Thee Pu)5% Broken (Well Milled Double Polished Sortexed) | 315-325 | 315-325 | 315-325 | 315-325 |
| 36 | Myanmar White Rice (Thee Pu)10% Broken (Well Milled Double Polished Sortexed) | 305-315 | 305-315 | 305-315 | 305-315 |
| 37 | Myanmar White Rice (Thee Pu)15% Broken (Well Milled Double Polished Sortexed) | 300-305 | 300-305 | 300-305 | 300-305 |
| 38 | Myanmar White Rice (Thee Pu)25% Broken (Well Milled Double Polished Sortexed) | 295-300 | 295-300 | 295-300 | 295-300 |
| 39 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 330-335 | 330-335 | 330-335 | 330-335 |
| 40 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 325-330 | 325-330 | 325-330 | 325-330 |
| 41 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 42 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 315-320 | 315-320 | 315-320 | 315-320 |
| 43 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Reasonable Well - Milled) | 305-310 | 305-310 | 305-310 | 305-310 |
| 44 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Reasonable Well - Milled) | 285-295 | 285-295 | 285-295 | 285-295 |
| 45 | Myanmar Long Grain Fragrant Rice 5% Broken (Well Milled Double Polished Sortexed) | 455-465 | 455-465 | 455-465 | 455-465 |
| 46 | Myanmar White Rice Tun Pu (or)Bike Phyu 5% Broken(Well Milled Double Polished Sortexed) | 335-340 | 335-340 | 335-340 | 335-340 |
| 47 | Myanmar White Rice Tun Pu (or)Bike Phyu 10% Broken(Well Milled Double Polished Sortexed) | 325-335 | 325-335 | 325-335 | 325-335 |
| 48 | Myanmar White Rice Tun Pu (or)Bike Phyu 15% Broken(Well Milled Double Polished Sortexed) | 320-325 | 320-325 | 320-325 | 320-325 |
| 49 | Myanmar White Rice Tun Pu (or)Bike Phyu 25% Broken(Well Milled Double Polished Sortexed) | 310-315 | 310-315 | 310-315 | 310-315 |
| 50 | Myanmar Parboiled Rice (Kayinma)5% Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 445-455 |
| 51 | Myanmar Parboiled Rice (Kayinma)10% Broken (Well Milled Double Polished Sortexed) | 435-445 | 435-445 | 435-445 | 435-445 |
| 52 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 445-455 | 445-455 | 445-455 | 445-455 |
| 53 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 435-445 | 435-445 | 435-445 | 435-445 |
| 54 | Myanmar Glutinous Rice 5% Broken (Well Milled) | 495-505 | 495-505 | 495-505 | 495-505 |
| 55 | Myanmar Glutinous Rice 10% Broken (Well Milled) | 485-495 | 485-495 | 485-495 | 485-495 |
| 56 | Myanmar Glutinous Rice 15% Broken (Well Milled) | 475-485 | 475-485 | 475-485 | 475-485 |
| 57 | Myanmar Glutinous Rice 25% Broken (Well Milled) | 465-475 | 465-475 | 465-475 | 465-475 |
| 58 | Myanmar Glutinous Rice 10% Broken (Reasonable Well Milled) | 460-470 | 460-470 | 460-470 | 460-470 |
| 59 | Myanmar Glutinous Rice 25% Broken (Reasonable Well Milled) | 445-455 | 445-455 | 445-455 | 445-455 |
| 60 | Myanmar Brown Rice 5% Broken | 315-325 | 315-325 | 315-325 | 315-325 |
| 61 | Myanmar Brown Rice 10% Broken | 310-315 | 310-315 | 310-315 | 310-315 |

Source: MRF

## ၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 2.2.2026 | 61.68 | 65.67 | 185.75 | 3.63 | 240.19 |
| 2 | 3.2.2026 | 61.9 | 66.01 | 184.61 | 3.23 | 235.80 |
| 3 | 4.2.2026 | 63.71 | 67.79 | 191.24 | 3.34 | 242.95 |
| 4 | 5.2.2026 | 63.86 | 68.09 | 194.00 | 3.44 | 240.83 |
| 5 | 6.2.2026 | 63.48 | 67.73 | 193.63 | 3.51 | 240.55 |
| 6 | 9.2.2026 | 62.94 | 67.37 | 194.19 | 3.21 | 239.00 |
| 7 | 10.2.2026 | 64.17 | 68.87 | 198.24 | 3.11 | 241.25 |
| 8 | 11.2.2026 | 64.51 | 69.33 | 196.98 | 3.13 | 241.06 |
| 9 | 18.2.2026 | 62.45 | 67.58 | 191.31 | 3.01 | 240.43 |
| 10 | 19.2.2026 | 65.46 | 70.58 | 197.52 | 3.02 | 252.06 |
| 11 | 20.2.2026 | 66.78 | 71.77 | 201.73 | 2.99 | 261.47 |
| 12 | 21.2.2026 | 66.48 | 71.76 | 199.73 | 3.05 | 258.58 |
| 13 | 23.2.2026 | 65.69 | 70.96 | 197.08 | 3.17 | 258.92 |
| 14 | 24.2.2026 | 66.88 | 72.07 | 200.26 | 2.99 | 270.97 |
| 15 | 25.2.2026 | 66.08 | 71.24 | 199.84 | 2.91 | 268.68 |
| 16 | 26.2.2026 | 65.56 | 71.03 | 199.32 | 2.86 | 267.95 |
| 17 | 27.2.2026 | 65.22 | 70.70 | 203.95 | 2.83 | 261.25 |

Source: Bullionberg Commodities

## ၂၀၂၆၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.2.2026 | 4465 | 4480 |
| 2 | 3.2.2026 | 4813 | 4822 |
| 3 | 4.2.2026 | 5069 | 5079 |
| 4 | 5.2.2026 | 4871 | 4881 |
| 5 | 6.2.2026 | 4812 | 4814 |
| 6 | 9.2.2026 | 5022 | 5031 |
| 7 | 10.2.2026 | 5034 | 5044 |
| 8 | 11.2.2026 | 5063 | 5072 |
| 9 | 18.2.2026 | 4941 | 4950 |
| 10 | 19.2.2026 | 4988 | 4999 |
| 11 | 20.2.2026 | 4994 | 5004 |
| 12 | 21.2.2026 | 5123 | 5132 |
| 13 | 23.2.2026 | 5177 | 5189 |
| 14 | 24.2.2026 | 5174 | 5189 |
| 15 | 25.2.2026 | 5186 | 5197 |
| 16 | 26.2.2026 | 5194 | 5204 |
| 17 | 27.2.2026 | 5189 | 5198 |

Source: Bullionvault,